ROBIN SHARMA

mgyoe.com

# သင့်ကံကြမ္မာအား ကိုယ်တိုင်ရှာဖွေ တွေ့ရှိစေဖို့

အောင်လှိုင်-အကျဉ်းမြန်မာပြန်

DISCOVER YOUR DESTINY
WITH THE
MONK WHO SOLD
HIS FERRARI

*The 7 Stages*
*of* Self

mgyoe.com

mgyoe.com

သင်ရှင်သန်နေရတဲ့ဘဝဟာ သင်တွေးထင် မျှော်လင့်ထား တာတွေထက်ပိုပြီး ကြီးကျယ်ခမ်းနားစွာ ရှိနေတတ်ပါတယ်။

ယခုလောလောဆယ် သင့်ဘဝမှာ ဘာတွေကိုပဲ တွေ့ကြုံရင်ဆိုင်နေရသည်ဖြစ်စေ...သင်ရှင်သန်နေရတဲ့ ဘဝ အခြေအနေမှန်နဲ့ ပတ်သက်ပြီး သင့်ကံကြမ္မာကို သင်ကိုယ်တိုင် တွေ့ရှိနားလည်ဖို့ကသာ အရေးအပါဆုံး ဖြစ်နေပါလိမ့်မယ်။

သင့်ရဲ့ကံကြမ္မာကို သင်ကိုယ်တိုင် တွေ့ရှိပြီး မကောင်းတဲ့ကံတွေကို ပြုပြင်နိုင်မယ်ဆိုရင်တော့ သင်စိတ်ဝင်စား လိုလားတောင့်တတဲ့ အရာတွေကို စိတ်ကျေနပ်မှုရရှိတဲ့အထိ ပြည့်စုံအောင် လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။



AH0121

1,800.00 KS

mgyoe.com

mgyoe.com

သင့်ကံကြမ္မာအားကိုယ်တိုင်ရှာဖွေတွေ့ရှိစေဖို့၊ အောင်လှိုင်
စာမျက်နှာ ၁၅၇+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သင့်ကံကြမ္မာအား ကိုယ်တိုင်ရှာဖွေတွေ့ရှိစေဖို့

# DISCOVER YOUR DESTINY WITH THE MONK WHO SOLD HIS FERRARI

## THE 7 STAGES OF SELF AWAKENING

**Robin Sharma**

အောင်လှိုင်

အကျဉ်းမြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


–မိတ်ဆက်စကား က

၁။ စိတ်ပိုင်းဆိုင်ရာအရ အရေးပေါ်ဆောင်ရွက်ရန်
အခြေအနေများ ၁

၂။ အောင်မြင်ရေးလမ်းစရှာသူက
ဆရာတစ်ဆူနှင့် တွေ့ဆုံခြင်း ၁၉

၃။ ကံကြမ္မာအား ရှာဖွေတွေ့ရှိဖို့အတွက်
လေ့လာသင်ယူခြင်း ၅၁

၄။ ကိုယ့်ကိုယ်ကိုယ် သစ္စာမဖောက်စေဘဲ
အနှောင်အဖွဲ့မှ ကင်းလွတ်အောင်ကြိုးစားခြင်း ၆၉

၅။ လူသားအတွက် အကောင်းဆုံးသောစွမ်းဆောင်ရည် ၈၉

၆။ အောင်မြင်ရေးလမ်းစရှာလိုသူတွေက
ဖြစ်နိုင်ခြေရှိသော အခြေအနေတွေကိုသာ
စိတ်ဝင်တစား စူးစိုက်လုပ်ဆောင်ခြင်း ၁၀၇

၇။ ဘဝအောင်မြင်တိုးတက်ရေးအတွက်
ဆရာသခင်ထံမှ စစ်ဆေးမှုများကို ခံယူခြင်း ၁၁၉


mgyoe.com

mgyoe.com

၈။ အသွင်ပြောင်းခြင်းနှင့် အသစ်တစ်ဖန်
ပြန်လည်ရှင်သန်ခြင်း ၁၃၈
၉။ အောင်မြင်မှုရှာလိုသူတိုင်း အစမ်းသပ်ခံကြရသည် ၁၄၃
၁၀။ အောင်မြင်ရေးလမ်းစရှာဖွေသူအတွက်
နိုးကြားသတိပြုစရာများ ၁၅၀

❑

mgyoe.com

mgyoe.com

## မိတ်ဆက်စကား

သင်ရှင်သန်နေရတဲ့ဘဝဟာ သင်တွေးထင် မျှော်လင့်ထား တာတွေထက်ပိုပြီး ကြီးကျယ်ခမ်းနားစွာ ရှိနေတတ်ပါတယ်။

ယခုလောလောဆယ် သင့်ဘဝမှာ ဘာတွေကိုပဲ တွေ့ကြုံရင်ဆိုင်နေရသည်ဖြစ်စေ...သင်ရှင်သန်နေရတဲ့ ဘဝအခြေအနေမှန်နဲ့ ပတ်သက်ပြီး သင့်ကံကြမ္မာကို သင်ကိုယ်တိုင် တွေ့ရှိနားလည်ဖို့ကသာ အရေးအပါဆုံး ဖြစ်နေပါလိမ့်မယ်။

သင့်ရဲ့ကံကြမ္မာကို သင်ကိုယ်တိုင် တွေ့ရှိပြီး မကောင်းတဲ့ကံတွေကို ပြုပြင်နိုင်မယ်ဆိုရင်တော့ သင်စိတ်ဝင်စားလိုလားတောင့်တတဲ့ အရာတွေကို စိတ်ကျေနပ်မှုရရှိတဲ့အထိ ပြည့်စုံအောင် လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။

သင့်မှာ မကောင်းတဲ့ ကံကြမ္မာတွေ ရှိလာတဲ့အခါ၊ အကောင်းဆုံးဖြစ်အောင် ပြုပြင်နိုင်ဖို့အတွက် လိုအပ်တဲ့ လေ့ကျင့်သင်ယူမှုတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးဖို့

mgyoe.com

mgyoe.com



လိုအပ်ပါတယ်။

သင့်ကံကြမ္မာကို သင်ကိုယ်တိုင် တွေ့ရှိနားလည်ဖို့ သင်ဟာ ဘဝတစ်သက်တာအတွက် အရေးကြီးတဲ့ မေးခွန်းတွေကို ဖြေဆိုနိုင်ဖို့ လိုအပ်ပါတယ်။

လူသားဘဝရဲ့ ရည်မှန်းချက်တွေ အားလုံး ပြီးပြည့်စုံစေဖို့ အတွက် သင်ဟာကိုယ့်ကိုယ်ကိုယ် နိုးကြား သတိထားရှိပြီး အရာရာကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ကို လူသားအဖြစ်နဲ့ မွေးဖွားပြီးတဲ့ ကာလနောက်ပိုင်းမှာ ကျွန်ုပ်တို့က ကြောက်စိတ်တွေ လျော့ကျနေပြီး မေတ္တာထားရှိနိုင်စွမ်းတွေကလည်း အစဉ်အမြဲ သန့်ရှင်းနေမှာဖြစ်ပါတယ်။ မွေးဖွားပြီး ကာလအချိန်မှာ သင်ဟာ ရိုးသားဖြောင့်မတ်ပြီး အသိဉာဏ်စွမ်းအားအနေနဲ့ကလည်း အကန့်အသတ်မရှိ အားကောင်းနေတတ်တာ တွေ့ရမှာဖြစ်ပါတယ်။ ထိုကာလတစ်လျှောက် သင်ဟာ နှပျိုလန်းဆန်းမှုတွေ ထက်မြက်တဲ့ အစွမ်းအစကောင်းတွေကြောင့် စကြဝဠာကို လိုချင်သော ပုံစံအနေအထားရောက်ရှိအောင် ဖန်တီးပုံသွင်းနိုင်တဲ့သူ တစ်ယောက်ဖြစ်လိုတဲ့ ဆန္ဒတွေ ကိန်းဝပ်နေတတ်ပါလိမ့် မယ်။ သင်ဟာ မွေးဖွားပြီး ကာလနောက်ပိုင်း ငယ်ရွယ်ပျိုမျစ် လွန်းတဲ့ကလေးတစ်ယောက်ရဲ့ ဘဝမှာရှိနေစဉ်အတွင်း ဘဝရှင်သန်ရပ်တည်ခြင်းနဲ့ ပတ်သက်တဲ့ အခြေအနေအကြောင်း တရားအမျိုးမျိုးကို သိချင်၊ မြင်ချင်၊ နားလည်ချင်တဲ့စိတ်တွေ ရှိနေပါလိမ့်မယ်။

ထိုကာလအတွင်း သင်ဟာ အသိဉာဏ်စွမ်းအား

mgyoe.com

mgyoe.com



ဆိုသော အလင်းဓာတ်နှင့် ဖြူစင်သန့်ရှင်းသော စိတ်နေစိတ်ထားဆိုတဲ့ အလင်းဓာတ်၊ အပြစ်အနာအဆာ၊ ချို့ယွင်းချက်နှင့် အမှားအယွင်းဆိုသည့် အမှောင်ထုကင်းစင်ပြီး ပကတိရှင်းသန့်စွာ ရပ်တည်နိုင်ခြင်း ဆိုသော အလင်းဓာတ်တို့၏ စွမ်းအင်တွေကြောင့် သင့်ရဲ့ငယ်ဘဝမှာ အမြဲတစေ အလင်းရောင်ရှိနေပြီး အရိပ်ကျမည်းမှောင်သော အခြေအနေတွေမရှိ၊ စိုးရိမ်ကြောင့်ကြ၊ ထိတ်လန့်မှုတွေ၊ အကြောက်တရားတွေလည်းမရှိ၊ ဒေါသအမျက်ထွက်ခြင်းလည်း မရှိ၊ မကျေမချမ်း (အခဲမကျေ) စွာခံစားရတာမျိုးတွေလည်းမရှိ၊ အကန့်အသတ်၊ အချုပ်အချယ်တွေလည်း မရှိဘဲရပ်တည်နိုင်ခဲ့ပါလိမ့်မယ်။

ကိုယ့်ကံကြမ္မာကိုယ် မသိသေးသူတွေ ကိုယ့်အကြောင်းကိုယ် မသိသေးသူတွေဟာ...တစ်ကိုယ်ကောင်းဆန်၊ ကိုယ့်ကျိုးကြည့်တတ်သူတွေ မိမိတို့အထိနာမယ့်အရေးကို ကြိုတင်တွေးတောစိတ်ပူပြီး စိုးရိမ်ထိတ်လန့်တတ်တဲ့သူတွေ၊ သူတစ်ပါးထိခိုက်နစ်နာအောင် လုပ်တတ်သူတွေအဖြစ် စိတ်တွေအမှောင်ကျပြီး ထင်ရာစိုင်းနေတတ်ကြပါတယ်။

တကယ်တော့ သေချာတဲ့ လေ့လာဆန်းစစ်မှုတွေအရ ထိခိုက်နာကျင်စွာခံစားဖူးသူတွေဟာ ထိခိုက်နာကျင်မှုဖြစ်စေမယ့်အရာတွေကို ကိုယ်တိုင်အတွက်ရော အများအတွက်ပါ စဉ်းစားလုပ်ကိုင်တတ်ကြပါတယ်။

❑

mgyoe.com

mgyoe.com

# အခန်း (၁)
# စိတ်ပိုင်းဆိုင်ရာအရ
# အရေးပေါ်ဆောင်ရွက်ရန် အခြေအနေများ

ဘဝက သင့်ရဲ့ကြောင်းကျိုးဆက်စပ် နားလည်နိုင်စွမ်းတွေ… စောဒက တက်နိုင်စွမ်းတွေ၊ သင့်ရဲ့လောဂျစ် (Logic) တွေကို နားထောင်နေမှာမဟုတ်ဘဲ သူ့ရဲ့ကိုယ်ပိုင်နည်းလမ်းတွေနဲ့ ရှေ့ဆက်သွားနေမှာ ဖြစ်ပါတယ်။

သင်က ရရှိထားတဲ့ ဘဝအပေါ် သင်ပြောဆိုလိုတဲ့အကြောင်းအရာတွေ ပြောဆိုအားထုတ်ခြင်းထက် သင့်ဘဝက သင့်ကိုဘာပြောတယ် ဆိုတာကိုသာ သေချာစွာနားထောင်ပေးဖို့ လိုပါတယ်။

ကျွန်တော်က အေးစက်နေတဲ့ သတ္တုထည်ပစ္စည်းတစ်ခုနဲ့ ဦးခေါင်းရဲ့ အထိအတွေ့ကို ခံစားလိုက်ရတယ်။ ကျွန်တော်က စက်ဆုပ်ပြီး ငြီးငွေ့ဖွယ်ကောင်းတဲ့ မိုတယ်အခန်းတစ်ခုထဲမှာ ထိုင်နေရင်း ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့ သေနတ်ကို နားထင်မှာ အသာလေးကပ်ပြီး အရန်သင့်ပြင်ဆင်ထားလိုက်တယ်။ ကျွန်တော့်အတွက်တော့ သေနတ်မောင်း

mgyoe.com

mgyoe.com


ခလုတ်ကို အသာလေး ဆွဲညှစ်လိုက်ရုံပါပဲ...။

ကျွန်တော်က စိတ်တွေလှုပ်ရှားနေတာကြောင့် နဖူးကနေ ချွေးတွေကျလာခဲ့တယ်။ ပြီးတော့ ကျွန်တော့်နှလုံးက တဒိန်းဒိန်းခုန်နေပြီး ကျွန်တော့်လက်တွေကလည်း ထိန်းချုပ်လို့မရတဲ့အထိ တဆတ်ဆတ်တုန်လာတာကို တွေ့လိုက်ရတယ်။ ကျွန်တော်ဘယ်ရောက်နေတယ်ဆိုတာကို ဘယ်သူမှမသိကြပါဘူး၊ ဘယ်သူကမှလည်း ကျွန်တော့်ကို နောက်ထပ်သတိပြုမိမှာ မဟုတ်ဘူးလေ...။

ကျွန်တော်က နောက်ထပ်အသက်ရှင်နိုင်ဖို့ အခွင့်အလမ်း မရှိတော့ပါဘူး။ ဒါကြောင့်လည်း အခုလိုသေဖို့ ဆုံးဖြတ်ပြီး ပြင်ဆင်လိုက်တာပါ။

အခုလောလောဆယ်မှာ ကျွန်တော့်ရဲ့ ဘဝမှတ်တမ်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာခေါင်းစဉ်တွေကို ပြန်လည်မြင်ယောင် မိလိုက်တယ်။ ကျွန်တော့်ဘဝမှာ အပြောင်းအလဲ၊ အချိုးအကွေ့တွေကလည်း အများကြီး ရှိခဲ့တယ်လေ...။ ကျွန်တော် မျက်စိအစုံကို မှိတ်လိုက်တယ်။ ကျွန်တော်သေရမယ့်အချိန်ကလည်း နီးလာခဲ့ပါပြီ...။ ကျွန်တော် နောက်ဆုံးအနေနဲ့ ဆုတောင်းမှုတစ်ခုကို ရွတ်ဆိုလိုက်တယ်။ ထိုအချိန်မှာ လုံးဝမမျှော်လင့်ထားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့တယ်။ အဲဒီအဖြစ်အပျက်က သဘာဝလွန်အဖြစ်အပျက်တစ်ခုပါပဲ...။ ကျွန်တော် ခေါင်းထဲမူးဝေသလိုဖြစ်သွားပြီး ကြမ်းပြင်ပေါ် လဲကျသွားခဲ့တယ်။ ဒီအခါ ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့သေနတ်ကလည်း အောက်ကို လွတ်ကျသွားခဲ့တာပေါ့။

ကျွန်တော်က လဲကျသွားတဲ့နေရာမှာပဲ မလှုပ်မယှက် ဆက်ပြီး ရှိနေခဲ့တယ်။ ခဏအကြာ အဖြူရောင် အလင်းတန်းတစ်ခု ကျွန်တော့်ကိုယ်ပေါ်ကို ကျရောက်လာခဲ့တယ်။ အဲဒီအလင်းရောင်က တဖြည်းဖြည်း

mgyoe.com

mgyoe.com


ပိုပြီး လင်းလက်တောက်ပလာသလိုမျိုး ခံစားလိုက်ရတယ်။ နောက်တော့ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ခါလာတာကို သတိထားမိလိုက်တယ်။

ကျွန်တော့်ရဲ့ ကိုယ်လုံး၊ လက်မောင်း၊ ခြေထောက်တွေကနေ ချွေးတွေ တဒီးဒီးကျလာတာကို သတိထားမိလိုက်တယ်။ ကျွန်တော်က ညစ်ပတ်ပြီး အေးစက်နေတဲ့ ကြမ်းပြင်ပေါ်မှာ တစ်ကိုယ်လုံး တုန်ယင်စွာနဲ့ ရှိနေခဲ့တယ်။ ထိုအချိန် ကျွန်တော့်ရဲ့အတွင်းစိတ်ကနေ ပြောလာတဲ့ စကားသံတွေကို အခုလိုကြားလိုက်ရတယ်...။ "မင်းဘဝက မင်းသိရှိနားလည်ထားတာထက် ပိုပြီးအဓိပ္ပာယ်လေးနက်မှုရှိသလို မင်းတန်ဖိုးထားနိုင်စွမ်းထက်လည်း ပိုပြီးတန်ဖိုးရှိတာကို သတိရစမ်းပါ"

ကျွန်တော့်အတွင်းစိတ်က ထွက်ပေါ်လာတဲ့ ဒီစကားသံတွေကို ကြားလိုက်ရတာကြောင့် ကျွန်တော် ကြမ်းပြင်ပေါ်လဲကျရင်း တစ်ကိုယ်လုံးတုန်ယင်၊ လှုပ်ခါနေတာတွေ ချက်ချင်းရပ်တန့်သွားခဲ့တယ်။

ကျွန်တော်စောစောက ကြားလိုက်ရတဲ့ စကားတွေကို ထပ်ပြီး ကြားယောင်နေမိတယ်။ ကျွန်တော်ကြမ်းပြင်ပေါ်ကနေ အားယူပြီး ထလိုက်တယ်။ ပြီးတော့ ကိုယ်ကိုရအောင်ထိန်းပြီး ခြေထောက်ပေါ် မတ်တတ်ရပ်နိုင်အောင် လုပ်လိုက်တယ်။ စောစောက ကြားလိုက်ရတဲ့ စကားတွေကို ပြန်လည်စဉ်းစားကြည့်တော့ ကျွန်တော့်ဘဝက တကယ်ကို တန်ဖိုးရှိပြီး အလွယ်တကူ ဆုံးရှုံးအောင် မလုပ်သင့်ဘူးဆိုတာကို နားလည်လိုက်ပါတယ်။

ကျွန်တော်တို့ဘဝမှာ စိတ်ပျက်ဝမ်းနည်းစရာတွေ မျှော်လင့်ချက်မဲ့နေတာတွေနဲ့ ကြုံတွေ့ရပြီဆိုရင် စိတ်ဓာတ်တွေပြိုလဲပြီး မူလရည်မှန်းချက်ကောင်းတွေကိုလည်း လက်တွေ့ကျကျ အကောင်အထည်မဖော်နိုင်တော့ပါဘူး။ တကယ်တော့ ကျွန်တော်တို့က ဘယ်လိုမကောင်းတဲ့

mgyoe.com

mgyoe.com


အခြေအနေတွေနဲ့ပဲ ကြုံကြုံ ကောင်းသော အမြင်တွေနဲ့သာ ရှုမြင်နိုင်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့က ဘယ်လိုအခြေအနေမျိုးမှာဖြစ်စေ သက်သောင့် သက်သာ အနေအထားနဲ့ ရပ်တည်နိုင်စွမ်းရှိတယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဝန်းကျင်တစ်ခုလုံး အပါအဝင် တစ်ကမ္ဘာလုံးကို ကောင်းသော အမြင် တွေနဲ့ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့က စိတ်ပျော်ရွှင်ကြည်နူးမှုတွေနဲ့ လောကကို ရှုမြင် တယ်ဆိုရင် လောကတစ်ခုလုံးက ကျွန်တော်တို့အတွက် ခံစားမှုကောင်း တွေ ရှိစေရအောင် တုံ့ပြန်အကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် လောကဟာ ကျွန်တော်တို့အားလုံးအတွက် အရှိကိုအရှိ အတိုင်း အမှန်ကိုအမှန်အတိုင်း ထုတ်ဖော်ပြသပေးနိုင်တဲ့ လောကကြေးမုံ ပြင်တစ်ခုသာ ဖြစ်ပါတယ်...။

ကျွန်တော်တို့အားလုံးက ဘဝထဲကနေ ကျွန်တော်တို့လိုချင်တာ တွေကို လက်ခံရရှိတာမဟုတ်ဘဲ ကျွန်တော်တို့ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတဲ့ အခြေအနေကိုသာ လက်ခံရရှိကြတာဖြစ်ပါတယ်။ ကျွန်တော်တို့လိုချင်တာ မှန်သမျှကို လောကထဲကနေ အလိုလိုရရှိနိုင်တာ မဟုတ်ဘဲ ကျွန်တော်တို့လိုချင်တာရအောင် ကိုယ်စွမ်းဉာဏ်စွမ်းတွေနဲ့ ရယူကြိုးစားချင်တဲ့စိတ်ကိုသာ လောကက လက်ခံရရှိမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တစ်သက်တာအတွင်း ရင်ဆိုင်ကြုံတွေ့ရတဲ့ ထိခိုက် နာကျင်ခြင်းတွေဟာ ရေရှည်တည်တံ့နေမှာ မဟုတ်ဘဲ ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့ ယုံကြည်ချက်တွေကသာ တစ်သက်တာအတွင်း တည်မြဲနေမှာ ဖြစ်ပါတယ်။

သင့်မှာရှိနေတဲ့ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဆောင်းရာသီ ဟာ နောင်တစ်ချိန်မှာ ပျော်ရွှင်ကြည်နူးမှုတွေ ပြည့်နှက်နေတဲ့ နွေရာသီ

mgyoe.com

mgyoe.com


အဖြစ်သို့ ပြောင်းလဲလာလိမ့်မယ်လို့ ခိုင်မာစွာယုံကြည်ထားပေးပါ။

အလားတူ လင်းလက်တောက်ပတဲ့ နံနက်ခင်းနေရောင် အလင်းတန်းတွေဟာ အမြဲတစေ မှောင်မိုက်ခြင်းတို့ ကြီးစိုးထားတဲ့ ညအချိန်ရဲ့နောက်ကနေ တစ်ခါတည်းကပ်ပြီး လိုက်ပါလာလေ့ရှိတယ်လို့ ခိုင်မာစွာယုံကြည်ထားပေးပါ။

ကျွန်တော့်ရဲ့အတွင်းစိတ်ကနေ ထွက်လာတဲ့စကားသံတွေကို သေချာစွာ နားထောင်ရင်း ကျွန်တော့်ရဲ့စဉ်းစားဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းတွေ အားကောင်းလာသလို...အမှောင်ထုထဲမှ ကင်းလွတ်ပြီး အလင်းရောင်ထဲကို ဝင်လာနိုင်ခဲ့သလိုမျိုး ခံစားလိုက်ရတယ်။

ကျွန်တော်က စိတ်တည်ငြိမ်လာတာနဲ့အမျှ စဉ်းစားတွေးတောမှုတွေကလည်း ကြည်လင် လတ်ဆတ်ပြီး ထက်မြက်လာသလိုမျိုး ခံစားလိုက်ရတယ်။ ဒီအခါ ကျွန်တော့်ဘဝရဲ့ အတိတ်ကာလ အခြေအနေအရပ်ရပ်အပေါ် ပြန်လည်စဉ်းစားသုံးသပ်မှုတွေ လုပ်လာနိုင်ခဲ့တယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ကျွန်တော်က လူတိုင်းစိတ်ကူးအိပ်မက်ခဲ့ဖူးတဲ့အရာတွေကို မျှော်လင့်စောင့်ဆိုင်းရင်းနဲ့ ရှင်သန်ခဲ့သူဖြစ်ပါတယ်။

ထိုစဉ်က ကျွန်တော့်မှာ ချစ်စဖွယ်ကောင်းပြီး ဉာဏ်ရည်ထက်မြက်တဲ့ ဇနီးတစ်ယောက်ရှိခဲ့ပါတယ်။ ကျွန်တော်က သူမကို ချစ်ခင်စုံမက်သလို သူမကလည်း ကျွန်တော့်အပေါ် လေးစား၊ ချစ်ခင်၊ တွယ်တာမှုတွေ ရှိခဲ့တာပေါ့။

ကျွန်တော်တို့ဇနီးမောင်နှံမှာ ကျန်းမာပြီး ပျော်ရွှင်တဲ့ သားသမီးသုံးယောက်ထွန်းကားခဲ့ပါတယ်။ ကျွန်တော်က မိသားစုအတွက် ဘဝတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတွေအတွက် ရည်မှန်းချက်ကြီးကြီးထားပြီး ငွေများများရအောင် အလုပ်ကြိုးစားခဲ့တယ်။

mgyoe.com

mgyoe.com


ကျွန်တော်က ဖက်ရှင်စတိုးဆိုင်ပိုင်ရှင် တစ်ယောက်ဖြစ်တာကြောင့် ကျွန်တော့်ဖောက်သည်တွေထဲမှာ နိုင်ငံကျော်အဆိုတော်တွေ၊ ရုပ်ရှင်မင်းသားမင်းသမီးတွေ မော်ဒယ်တွေက အများဆုံးဖြစ်ခဲ့တာပေါ့။ နောက်ပြီး ငွေကြေးကြွယ်ဝတဲ့ လူချမ်းသာသားသမီးတွေလိုချင်တဲ့ ဖက်ရှင်ပစ္စည်းမျိုးစုံကို ကျွန်တော့်ဆိုင်မှာ အကုန်ရနိုင်တာကြောင့် ကျွန်တော့်စီးပွားရေးကလည်း သပိတ်ဝင်အိပ်ဝင် ဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်စီးပွားရေးလုပ်ငန်းရဲ့ သဘာဝအရ ကျွန်တော်ဟာ ဖက်ရှင်ဒီဇိုင်း အသစ်အဆန်းတွေ အမျိုးမျိုးရရှိအောင် ထူးဆန်းမှုတွေရှိတဲ့ နေရာအတော်များများကို ခရီးသွားရလေ့ရှိခဲ့ပါတယ်။

ကျွန်တော်က ရောက်ရာအရပ်ဒေသမှာ ကစားစရာ အရုပ်မျိုးစုံ ဖန်စီပစ္စည်းမျိုးစုံကို လေ့လာစိစစ် ရွေးချယ်ဝယ်ယူပြီး ကျွန်တော့်ဖောက်သည်အလွှာအမျိုးမျိုးကို ပြန်လည်ရောင်းချခဲ့ပါတယ်။

တစ်နေ့မှာတော့ ကျွန်တော်ကိုယ်တိုင် ဖန်တီးတည်ဆောက်ထားတဲ့ ကျွန်တော့်ရဲ့ လှပတဲ့ကမ္ဘာကြီးတစ်ခုလုံး ပြိုကွဲပျက်စီးရခြင်းနဲ့ အမှတ်မထင် ကြုံတွေ့လိုက်ရတယ်။ ကျွန်တော်က အဲဒီနေ့မှာ စီးပွားရေးစကားတွေ ပြောခွင့်ရတဲ့ ညစာစားပွဲတစ်ခုကို တက်ရောက်ပြီးမှ အိမ်ကိုပြန်လာဖြစ်ခဲ့တယ်။

ကျွန်တော် ခါတိုင်းအိမ်ပြန်နောက်ကျတဲ့အခါ ဇနီးသည် "ယေရှဲလ်"က ကျွန်တော့်အတွက် မီးအလင်းရောင်မှိန်မှိန်တစ်ခု ထွန်းထားပေးတတ်တယ်။ အဲဒီနေ့ညမှာတော့ ကျွန်တော်ပြန်ရောက်ချိန် တစ်အိမ်လုံး မည်းမှောင်နေတာ တွေ့လိုက်ရတယ်။ ဒါဟာ တစ်ခုခုတော့ ထူးခြားတာပဲလို့ စိတ်ထဲကထင်လိုက်မိတယ်...။ အချိန်က ညဆယ်နာရီထိုးပါပြီ။ "ယေရှဲလ် ဘယ်သွားပါလိမ့်၊ ကလေးတွေကော ဘယ်ရောက်နေကြလဲ" ကျွန်တော်လုံးဝ တွေးမရအောင် ဖြစ်သွားတာပေါ့။

mgyoe.com

mgyoe.com



ကျွန်တော်အိမ်ထဲအနှံ့ လျှောက်သွားလိုက်ပြီး အခန်းမီးတွေကို ထွန်းလိုက်တယ်။ ပြီးတော့ တစ်ခန်းပြီးတစ်ခန်း တံခါးတွေဖွင့်ပြီး လိုက်ရှာလိုက်တယ်။ ကျွန်တော့်ခြေသံကလွဲပြီး တစ်အိမ်လုံး ပကတိ တိတ်ဆိတ်နေတာ တွေ့ရတယ်။ ဒါပေမဲ့ ကျွန်တော်မီးဖိုခန်းဆီ ဝင်သွားတော့ စားပွဲပေါ်မှာ ကျွန်တော့်ဇနီးယေရှုလ်ရဲ့ လက်ရေးနဲ့ရေးထားတဲ့ စာတစ်စောင် တွေ့လိုက်ရတယ်။ စာထဲမှာ အခုလိုရေးထားတယ်။

"ဒါလင်၊ ကျွန်မ ကလေးတွေကို ကျွန်မရဲ့အမေအိမ် အပြီးခေါ်သွားလိုက်ပြီ။ ကျွန်မရှင့်ကို ဆက်ပြီးမချစ်နိုင်၊ မေတ္တာမထားနိုင်တော့ဘူး၊ ဆောရီးပါရှင်။ မနက်ကျရင် ကျွန်မရှေ့နေက ရှင့်ကိုဖုန်းဆက်ပြောပါလိမ့်မယ်"

ကျွန်တော် ရုတ်တရက် အံ့အားသင့်ခြင်းနဲ့အတူ မျှော်လင့်ချက်တွေ လဲပြိုကျသလို ခံစားလိုက်ရပြီး ခဏလောက် လှုပ်မှိုင်ချလိုက်မိပါတယ်။

တကယ်တော့ ယေရှုလ်ရဲ့အပြစ်မဟုတ်ဘဲ ကျွန်တော့်ရဲ့ ပေါ့ဆမှုကြောင့်ဆိုတာကို အမှန်အတိုင်းဝန်ခံရပါတယ်။ ကျွန်တော်က မိသားစုအတွက်ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး လူနေမှု အဆင့်အတန်းမြင့်မားအောင်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ငွေများများရအောင် အသည်းအသန်ကြိုးစားရှာဖွေခဲ့တယ်။ ဒါကြောင့်လည်း ဇနီးသည်နဲ့သားသမီးတွေကို အချိန်မပေးနိုင်လောက်အောင် အလုပ်တွေ များခဲ့ပြီး အိမ်နဲ့ဝေးရာဒေသအမျိုးမျိုးကို ခရီးထွက်ခြင်းနဲ့သာ အချိန်တွေကုန်ဆုံးစေခဲ့မိပါတယ်။ တကယ်တော့ ကျွန်တော်က ဇနီးသည်နဲ့ သားသမီးတွေကို ပေးသင့်တဲ့ အချိန်တွေကိုပါ ခိုးယူပြီး ငွေနောက်လိုက်တယ်။ မိသားစုနဲ့ ဝေမျှရမယ့် အချိန်တွေကို အလွဲသုံးစားခဲ့မိတယ်။ ပျော်ရွှင်တဲ့ အိမ်ထောင်မိသားစု တစ်ခု၊ သံယောဇဉ်ခိုင်မာတဲ့ မိသားစုဆက်ဆံရေးတစ်ခုကို တည်ဆောက်

mgyoe.com

mgyoe.com



ဖို့ဆိုတာဟာ ငွေရှိမှ၊ ချမ်းသာကြွယ်ဝမှ မဟုတ်ဘဲ အပြန်အလှန် နားလည်မှုဝေပေးမှုတွေ အချိန်ပေးလိုက်လျောမှုတွေ ရှိမှသာဖြစ်နိုင်ပါ လိမ့်မယ်။

အခုတော့ ကျွန်တော်တို့ တစ်ချိန်က ရှိခဲ့တဲ့ အပြန်အလှန်ချစ်ခြင်း မေတ္တာတရားတွေ ခေါင်းပါးပျောက်ကွယ်ပြီး အငြိုး၊ အမုန်း၊ နာကြည်းမှု တွေက အစားထိုးဝင်ရောက် တိုက်ခိုက်လာကြပြီပေါ့။

တကယ်တော့ ကျွန်တော်ငွေကိုသာ မည်းပြီးရှာနေခြင်းဟာ ဖခင် ကောင်းတစ်ယောက်အဖြစ် အများက ထင်မှတ်ရအောင် ဟန်ဆောင် နေခြင်းသာ ဖြစ်ခဲ့ပြီး လက်တွေ့မှာတော့ သားသမီးတွေ လိုလားတောင့် တတဲ့ ချစ်ခင်၊ တွယ်တာ၊ ယုယမှုတွေကို မပေးစွမ်းနိုင်တဲ့ ဖခင်တုဖခင် ယောင်တစ်ယောက် ဖြစ်ခဲ့တာကို ပြန်လည်သတိပြုမိခဲ့ပါတယ်။

ကျွန်တော်က အိမ်အတွင်း မိသားစုနဲ့အတူ ရှိနေချိန် ဇနီးသည် ဆီးက ခုံမှာထိုင်နေလျှင်ဖြစ်စေ၊ သားသမီးတွေဆီးက ခုံမှာထိုင်နေလျှင် ဖြစ်စေ၊ သူတို့အပေါ် စိတ်ရောက်ခြင်း၊ အာရုံစိုက်နိုင်ခြင်းမရှိဘဲ လက်ရှိ ငွေရနိုင်မယ့် အလုပ်ကိစ္စကိုသာ ခေါင်းထဲမှာ စဉ်းစားနေခဲ့ပါတယ်။ ဒီတော့ လူက အိမ်မိသားစုနဲ့အတူ ရှိနေပေမယ့် စိတ်ကတော့ အလုပ်ဆီ ရောက်နေတတ်ပါတယ်။

ကျွန်တော်က အမှန်တကယ် ချမ်းသာချင်တယ်။ မိသားစုကို အဆင့်အတန်း မြင့်မြင့်ထားချင်တယ်။ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုကို အများက လေးစားအသိအမှတ် ပြုတာမျိုးကိုလိုချင်တယ်။ ကျွန်တော် အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု ရယူချင်တယ်။ ဒါကြောင့်လည်း ကျွန်တော်က ကြီးပွားချမ်းသာမယ့် အလုပ်တွေကို ဘယ်တော့မှ လက်လွှတ်မခံဘဲ ငွေရရှိအောင် ကြိုးစားလေ့ရှိခဲ့တယ်။ ဒီတော့ နောက် ဆက်တွဲ အကျိုးဆက်အနေနဲ့ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့

mgyoe.com

mgyoe.com


ဇနီးမယားနဲ့ သားသမီးတွေကို လက်လွှတ်ဆုံးရှုံးလိုက်ရပါတော့တယ်။ ယေရှုလ်ရေးခဲ့တဲ့စာနဲ့ တရားဥပဒေအရ ကွာရှင်းပြတ်စဲရမယ်ဆိုတဲ့ ကိစ္စကို စဉ်းစားလိုက်တိုင်း ကျွန်တော့်ရင်ထဲမှာ ပြောင်းဆန်သွားအောင် ခံစားလိုက်ရတယ်။ ကျွန်တော်အိမ်ထဲကနေ အားယူပြီး အပြင်ကိုထွက်လိုက်တယ်။ ကျွန်တော့် ခြေလှမ်းတွေက ကျွန်တော်ပိုင်တဲ့ ဟိုတယ်တစ်ခုဆီကို အလိုလိုဦးတည်နေပြီပေါ့။ ကျွန်တော့်အတွက် အဆိုးဆုံးတွေထဲက ကံကောင်းတဲ့ အရာအချို့ကတော့…ကျွန်တော့်သားသမီးတွေကို တစ်ပတ်တစ်ကြိမ်တွေ့ခွင့်ရရှိတယ်…။ အပတ်စဉ် အားလပ်ရက်တိုင်းပေါ့။

ကျွန်တော်က စိတ်ထွက်ပေါက်ရှာတဲ့ အနေနဲ့ အရက်ကို ပိုသောက်ဖြစ်တယ်။ မကြာခင်မှာပဲ ကိုယ်အလေးချိန်အရမ်းကို မြင့်တက်လာခဲ့တယ်။ ကျွန်တော်အရင်ကဆို ကိုယ့်ကိုယ်ကိုယ် အစဉ်အမြဲ ကျန်းမာနုပျိုနေအောင် အစားအသောက်အနေအထိုင်ကအစ အရမ်းဂရုစိုက်ခဲ့တယ်။ ဒါပေမဲ့ အဲဒါတွေ အားလုံးအခု ပြောင်းပြန်ဖြစ်သွားခဲ့ပါပြီ။

ကျွန်တော်အရက်သောက်ချိန် များလာတော့ နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ ညအိပ်နေတုန်း ခေါင်းတစ်ခြမ်းကိုက် ဝေဒနာကြောင့် ခဏခဏနိုးလာရတယ်။ ကျွန်တော့်ဘဝမှာ ဇနီးမယားနဲ့ သားသမီးတွေကို ဆုံးရှုံးလိုက်ရပေမဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို လက်မလွှတ်လိုက်ရတာက ကံကောင်းတယ်လို့ ဆိုရမှာပါ…။

ကျွန်တော်က အလုပ်ချိန်ကလွဲပြီး အိမ်မှာရှိနေတဲ့အခါ တစ်ယောက်တည်း အထီးကျန်ခဲ့ရပါတယ်။ ဒီအနေအထားမှာ စိတ်ထွက်ပေါက်ရှာတဲ့အနေနဲ့ မည်းမှောင်တဲ့ အခန်းထဲ တစ်ယောက်တည်းထိုင်ပြီး အဆိုတော် 'ဘီလီဟောလီးဒေး' ရဲ့ သီချင်းခွေတွေကိုဖွင့်ပြီး နားထောင်ခဲ့ရတယ်။ တစ်ခါတလေမှာတော့ 'ဂျက်ဒယ်နီယယ်' နဲ့အတူ စကားတွေ အကြာကြီးပြောခဲ့တယ်။

mgyoe.com

mgyoe.com


လူတစ်ယောက်အတွက် နာကျင်စွာခံစားရမှုတွေနဲ့ ဘေးအန္တရာယ် အတားအဆီးတွေဟာ...ကိုယ်ပိုင်တိုးတက်ကြီးပွားမှုတွေ ဖြစ်လာအောင် အရှိန်အဟုန်ကောင်းတဲ့ တွန်းအားတွေ ဖြစ်လာတာကို ကျွန်တော် အမှတ်မထင် ရှာတွေ့ခဲ့မိတယ်...။ တကယ်တော့ အခက်အခဲအတားအဆီး တွေကို ကောင်းစွာအသုံးချနိုင်တဲ့အခါ ကျွန်တော်တို့ ရည်မှန်းချက်တွေ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး အဲဒီအခက်အခဲ အတားအဆီးတွေရဲ့ ခြယ်လှယ်မှုကို လည်စင်းခံခဲ့မယ်ဆိုရင်တော့ ကျရှုံးခြင်းအမှောင်ထဲကနေ တစ်သက်လုံး ရုန်းမထွက်နိုင်အောင် ရှိနေပါလိမ့်မယ်...။ ဘဝဟာ ကျွန်တော်တို့ကြိုတင်မျှော်လင့်ထားခြင်း မရှိတဲ့ အရာတွေကို ဖြစ်လာစေသလို ကျွန်တော်တို့ မျှော်လင့်ထားတဲ့ အရာတွေကို လည်း ပြောင်းပြန် အနေအထားနဲ့ ဖြစ်လာစေတတ်ပါတယ်။

သင်က ဘဝမှာအောင်မြင်မှု ရယူချင်တဲ့အခါ စိတ်ရှည်သည်းခံ စိတ်မွေးမြူပြီး အဟောင်းတွေနေရာမှာ အသစ်တွေ အစားထိုးရဲဖို့ လိုအပ်ပါတယ်။ သင်က အတိတ်တစ်ချိန်က မကောင်းတဲ့ နိမိတ်တွေကို ပြန်လည်စဉ်းစားပုံဖော်မယ့်အစား လက်ရှိကာလနဲ့ အနာဂတ်အတွက် အကောင်းဆုံးပြင်ဆင်မှုတွေ လုပ်ရတော့မှာဖြစ်ပါတယ်။

သင့်ဘဝမှာ ဘာတွေကိုပဲ ဆုံးရှုံးခဲ့ရသည်ဖြစ်စေ အတိတ်က ဆုံးရှုံးမှုတွေကို ပြန်ယူဖို့ ကြိုးစားခြင်းထက် လက်ရှိကာလမှာ သင်နှင့်ထိုက်တန်သောအရာတွေ ရရှိအောင်သာ အဓိကအာရုံစိုက်ဖို့ လိုအပ်ပါတယ်။ ဆုံးရှုံးခြင်းတွေဟာ တာရှည်မမြဲဘူးဆိုတဲ့ သဘောကိုလက်ခံပြီး လက်ခံရယူပိုင်ဆိုင်ခြင်းဆိုတဲ့ အခွင့်အရေးတွေ တစ်လှည့်ရရှိအောင် ကြိုးစားလိုက်ပါ။

ကျွန်တော်တို့အများစုက မိမိရင်းနှီးကျွမ်းဝင်ပြီးသား နေရာဒေသတွေမှာ နေရခြင်းကို ဘေးကင်းလုံခြုံမှုရှိသလိုမျိုး ခံစားတတ်ကြပြီး အဲဒီ

mgyoe.com

mgyoe.com


နေရာနဲ့ဝေးတဲ့ တစ်နေရာဆီ ထွက်သွားရမယ့် အရေးကိုလည်း တွေးတော ပူပင်ကြောက်လန့်တတ်ကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးတဲ့ နေရာဒေသတွေ ဆီသွားဖို့ ဘယ်သောအခါမှ စိတ်မကူးတတ်ကြပါဘူး။

## လောကမှာ ဘယ်အရာကိုမှ ကြောက်စရာမလိုအပ်ပါ

ကျွန်တော်တို့ရဲ့ စကြဝဠာဟာ ကျွန်တော်တို့ နားလည်သဘော ပေါက်ထားတာထက် ပိုပြီး ခင်မင်ရင်းနှီးဖွယ်ကောင်းတဲ့ အရာတွေရှိနေ တာကို တွေ့ရပါတယ်။

သင်က အရာရာမှာ ကြောက်တတ်တဲ့အခါ ဘယ်အရာကိုမှ ဖြစ် မြောက်အောင် မလုပ်ဆောင်နိုင်တော့သလို…။ အတွေ့အကြုံ အဖြစ် အပျက်တွေအပေါ်မှာ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးလည်း မရှိတော့ ပါဘူး။ လှေတစ်စင်းဟာ သူ့ရဲ့ချည်တိုင်မှာရှိနေပြီး ၎င်းကို တစ်ကြိမ် တစ်ခါမှ လှော်ခတ်အသုံးပြု စီးနင်းခြင်း မရှိခဲ့ရင်…ထိခိုက်ဒဏ်ရာရခြင်း (ထိခိုက်ပျက်စီးခြင်း) တစ်စုံတစ်ရာ မရှိနိုင်သလို သူ့အတွက်သွားဖူး၊ ရောက်ဖူးခြင်းဆိုတဲ့ ခရီးအတွေ့အကြုံတွေလည်း လုံးဝမရှိနိုင်တော့ ပါဘူး။ လှေကို တည်ဆောက်ရခြင်းရဲ့ ရည်ရွယ်ချက်ဟာ ရေလမ်းခရီး အတွက် အသုံးချနိုင်ဖို့ ဖြစ်တာကြောင့် ရည်ရွယ်ချက်အတိုင်း အသုံးမချ နိုင်ရင်တော့ ကောင်းကျိုးရရှိနိုင်မယ့် အခွင့်အရေးတွေ ဆုံးရှုံးရပါလိမ့်မယ်။ လောကမှာ ကြောက်စိတ်က ရှေ့ကနေ ဦးဆောင်နေသမျှ ဘယ်အရာကိုမှ ကောင်းကျိုးရအောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လှေတည် ဆောက်ပြီးတာနဲ့ ပျက်စီးမှာကို မစိုးရိမ်ဘဲ ရေလမ်းခရီးမှာ အကျိုးရှိရှိ အသုံးချပေးပါ။

လှေ–ဥပမာအတိုင်း လူသားတစ်ယောက်ဟာ ဖြစ်ပေါ်ကြုံတွေ့

mgyoe.com

mgyoe.com


ရနိုင်တဲ့ ဘေးအန္တရာယ်တွေကို စိုးရိမ်ပြီး မသိကျွမ်းဖူးတဲ့သူတွေနဲ့ တွေ့ဆုံရမှာကို ကြောက်ရွံ့စိုးရိမ်တာ၊ မရောက်ဖူးတဲ့ အရပ်ဒေသတွေကို သွားရမှာကို ကြောက်ရွံ့တာတွေ ရှိနေပြီဆိုရင် ဘဝတစ်သက်တာ အတွေ့အကြုံကောင်းတွေ သင်ခန်းစာကောင်းတွေကို အသုံးချပြီးတိုးတက်အောင် ကြိုးစားနိုင်ခွင့်တွေလည်း ဆုံးရှုံးနေရမှာ ဖြစ်ပါတယ်။

ဘာကိုမှ မလုပ်ရဲမကိုင်ရဲ၊ ဘယ်ကိုမှ မသွားရဲမလာရဲဖြစ်နေသူတွေဟာ မိမိကိုယ်ကို တစ်စုံတစ်ရာ ထိခိုက်မှာကို စိုးရိမ်ပြီး အကာအကွယ်ပေးလွန်းသူတွေ ဖြစ်တာကြောင့် လောကရဲ့အတွေ့အကြုံတွေ ဘာမှမရှိဘဲ ဘဝတစ်သက်တာအချိန်တွေကို အလဟဿကုန်ဆုံးစေမယ့် သူတွေသာဖြစ်ပါတယ်။

လောကမှာ ကြုံတွေ့ခံစားရတဲ့ အခြေအနေ အမျိုးမျိုးဟာ ကျွန်ုပ်တို့အတွက် နာကျင်စွာခံစားရခြင်းတွေ ဖြစ်စေရုံသာမက တစ်ချိန်တည်းမှာပဲ ကျွန်ုပ်တို့တစ်ဦးချင်းစီရဲ့ ဘဝအခြေအနေမှန်တွေကို အထင်အရှားသိရှိစေတတ်ပါတယ်။

ကျွန်ုပ်တို့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခုမှာ ရောဂါဝေဒနာခံစားရတယ်ဆိုရင်...ဆရာဝန်နဲ့ ပြသကုသလေ့ရှိကြပြီး ဝေဒနာခံစားရခြင်းကတစ်ဆင့် ကျွန်ုပ်တို့သတိပြု ရှောင်ကြဉ်ရမယ့် အချက်တွေကို ကောင်းစွာသဘောပေါက် နားလည်နိုင်ခွင့် ရရှိကြပါတယ်။ ဒါကြောင့် ဝေဒနာခံစားရခြင်း အခြေအနေဟာ ကျွန်ုပ်တို့ကို ထိခိုက်နာကျင်ခြင်း အခြေအနေတစ်ခုတည်း သက်သက်သာ ပေးနေတာမဟုတ်ဘဲ ကျွန်ုပ်တို့နောက်နောင် ဘယ်လိုဆင်ခြင်ရမယ်၊ ကျွန်ုပ်တို့ခံစားနေရတဲ့ အခြေအနေမှန်အပေါ် ဘယ်လိုသင်ခန်းစာယူရမလဲဆိုတဲ့ အသိဉာဏ်ကောင်းတွေကိုပါ ရရှိလာစေပါတယ်။

ပထမဆုံးကျောင်းစတက်ရမယ့် ကလေးဟာ ကျောင်းကို ရောက်

mgyoe.com

mgyoe.com


ရှိပြီး စာသင်ခန်းထဲ မဝင်ရသေးခင်အထိ မိခင်၊ ဖခင်ရဲ့လက်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားမှာ ဖြစ်ပါတယ်။ ကလေးအနေနဲ့ စာသင်ခန်းထဲရှိနေတဲ့ သက်တူရွယ်တူအတန်းဖော်တွေနဲ့ စတင်ရင်ဆိုင်ရမှာကို စိုးရိမ်ကြောက်ရွံ့နေသလို၊ ရှက်နေသလို ဖြစ်နေခဲ့သော်လည်း ပထမဆုံးနေ့ကို အောင်မြင်စွာဖြတ်ကျော်ပြီးပြီ ဆိုတာနဲ့ နောက်ပိုင်းရက်တွေမှာ ကျောင်းကိုစောစောသွားပြီး သူငယ်ချင်းတွေနဲ့အတူ တွေ့ဆုံဆော့ကစား ပြောဆိုဖို့ အမြဲတစေစိတ်စောနေ ဘ တွေ့ရပါလိမ့်မယ်။

တကယ်လို့ ကလေးက ကျောင်းစတက်ရမယ့်နေ့က ကြောက်တဲ့ စိတ်ကို ဖြတ်ကျော်နိုင်ခြင်း မရှိခဲ့ဘူးဆိုရင် ကျောင်းနေရမယ့် အခွင့်အရေး ဆုံးရှုံးပြီး နောက်ဆက်တွဲ ကောင်းကျိုးတွေဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ ရဲဝံ့စွာပြောဆိုသွားလာရဲတဲ့ သတ္တိရှိခြင်း အများနည်းတူ ပညာသင်ကြားနိုင်ခြင်းတွေကိုလည်း ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ လောကမှာ ဘယ်သူမဆို အကြောက်တရားကို ဖြတ်ကျော်နိုင်ပြီဆိုရင် ဖြစ်နိုင်ခြေရှိတဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေတွေအားလုံးကို လက်တွေ့ ဖြစ်လာအောင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပြီး လုပ်ရဲကိုင်ရဲရှိခြင်းတို့ရဲ့ နောက်ဆက်တွဲ ကောင်းကျိုးရလဒ်အဖြစ် အတွေ့အကြုံကောင်းရလေ...အောင်မြင်မှုရဖို့ အခွင့်အရေးပိုသာလေ ဖြစ်လာပါလိမ့်မယ်။

လောကလူသားတွေရဲ့ အလိုဆန္ဒတွေနဲ့ ရည်မှန်းချက်တွေအရ အရာရာမှာ ကြီးမြတ်ထည်ဝါစွာ ရပ်တည်လိုကြတယ်။ အရည်အချင်း အရည်အသွေး ပြည့်ဝသူတွေဖြစ်စေ၊ မပြည့်ဝသူတွေဖြစ်စေ ထိပ်တန်းအဆင့် နံပါတ် ၁ ဆိုတဲ့အရာကို နှစ်သက်လိုလားစွာ မျှော်မှန်းတတ်ကြတယ်။

အကောင်းဆုံးသော အရာတွေကို မျှော်မှန်းတတ်သူတွေအနေနဲ့

mgyoe.com

mgyoe.com


နာကျင်စွာ ထိခိုက်ခံစားရခြင်းတွေကို မကြောက်မရွံ့ ရင်ဆိုင်ကျော်ဖြတ်ပြီး ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်ရပါလိမ့်မယ်။

ဒါကြောင့်သင်က မသိကျွမ်းမရင်းနှီးသေးတဲ့ အရာတွေအပေါ်မှာ ကြောက်ရွံ့နေစရာမလိုသလို၊ မရောက်ဖူးသေးတဲ့ နယ်မြေဒေသတွေကို ရောက်ရှိပြီး မကြုံဖူးသေးတဲ့ အဖြစ်အပျက် အတွေ့အကြုံတွေကို ရင်ဆိုင်ဖို့အတွက်လည်း ကြောက်ရွံ့နေစရာမလိုအပ်ပါဘူး။ လူအများစုအနေနဲ့ သူတို့ရဲ့ အချိန်ကာလ အတော်များများကို သူကို့သိကျွမ်းရင်းနှီးပြီးသား နေရာဒေသတွေထဲမှာပဲ အချိန်ပေးနှစ်မြှုပ်ထားတတ်ကြပါတယ်။ ဒီအခါ တစ်ခုတည်းသော နယ်ပယ်မှာပဲ ကျွမ်းကျင်အဆင့်ကို ရောက်တတ်သော်လည်း အခြေအနေ အကြောင်းတရားအမျိုးမျိုးကြောင့် အဲဒီနယ်ပယ်နဲ့ ကင်းလွတ်တဲ့ နေရာ/ နယ်ပယ်တစ်ခုဆီ သွားရဖို့ ဖြစ်လာတဲ့အခါ စိုးရိမ်ကြောက်လန့်စိတ်တွေ ဝင်ရောက်လာပြီး မလုပ်ရဲ၊ မကိုင်ရဲ၊ မသွားရဲ၊ မလာရဲတဲ့ဘဝကို ရောက်သွားတတ်ပါတယ်။ အထူးသဖြင့် စွန့်စားမှုပါသောခရီးတွေ၊ အခက်အခဲအတားအဆီးတွေကို ကျော်ဖြတ်ပြီး လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေမှာ အမြဲတမ်း သူတကာထက် နောက်ကောက်ကျနေပါလိမ့်မယ်။

တစ်နေရာတည်း/ နယ်ပယ်တစ်ခုတည်းမှာပဲ အကျွမ်းတဝင်ရှိနေတဲ့ သူတွေဟာ မရင်းနှီးသေး၊ မရောက်ဖူးသေးတဲ့ နေရာတွေကို သွားရောက်ဖို့ သတ္တိနည်းသွားတတ်ပြီး အခက်အခဲ အတားအဆီးတွေကို ဖြတ်ကျော်ရဲတဲ့ စွမ်းရည်ရှိလာအောင်လည်း ဘယ်တော့မှ အားမထုတ်ချင်ကြတော့ပါဘူး။ ဒီအခါ စွန့်စားရဲမှသာ ရရှိတတ်တဲ့ အတွေ့အကြုံကောင်းတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ၊ စွမ်းဆောင်ရည်ကောင်းနဲ့ အထုံပါရမီတွေကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီး သာမန်လူတွေ ပြောဆိုပြုမူလုပ်ကိုင်တဲ့အတိုင်း သာမန်လူ၊ အများရဲ့စဉ်းစားတွေးခေါ်မှုတွေ

mgyoe.com

mgyoe.com


အတိုင်း လူ့တကာရဲ့ ပြုမူဆောင်ရွက်လေ့ရှိတဲ့ ပုံစံတွေအတိုင်းသာ ရှိနေပါလိမ့်မယ်။ သင့်ကံကြမ္မာကို အခြားဘယ်သူကမှ ပြုပြင်စီရင်နိုင်ခြင်း မရှိစေဘဲ သင်ကိုယ်တိုင် ရှာတွေ့ပြီး အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင်ဖို့က သင့်ရဲ့ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်တိုင်အကောင်အထည် ဖော်လုပ်ဆောင်နိုင်စွမ်းရှိမှု၊ သူတကာထက် ထူးကဲစွာ ထွင်းဖောက်စဉ်းစားနိုင်ပြီး စွန့်စားဆောင်ရွက်လို စိတ်ရှိမှုဆိုတဲ့ အရင်းအမြစ်ကောင်းတွေ ရှိဖို့လိုအပ်ပါတယ်။

စွန့်စားရဲတဲ့စိတ်မရှိသူတွေ သူတကာနည်းတူ သာမန်အဆင့်အတန်းမှာပဲ နေလိုတဲ့သူတွေဟာ သူတို့စိတ်ဝိညာဉ်က ပြောဆိုသတိပေးတဲ့ ကိစ္စတွေ၊ သူတို့နှလုံးသားထဲက ပြောဆိုနေတဲ့ အကြောင်းအရာတွေ၊ ဆားပတ်ဝန်းကျင်က အသိပေးနေတဲ့ သတင်းအချက်အလက်တွေ၊ အသစ်အဆန်းတွေကို စမ်းသပ်လိုတဲ့စိတ်တွေကို မျက်ကွယ်ပြုထားတတ်ကြပြီး ဘေးကင်းလုံခြုံမှုနဲ့ သက်သောင့်သက်သာရှိသော နေရာကနေ ထွက်ခွာ၊ စွန့်စားရမယ့် အခြေအနေတွေကိုလည်း ခါးသီးစွာ ငြင်းပယ်ကြပါလိမ့်မယ်။ ဒီအခါ သူတို့မှာရှိနေတဲ့ လင်းလက်တောက်ပတဲ့ အခွင့်အရေးကောင်းတွေလည်း မှေးမှိန်ပျောက်ကွယ်သွားပြီး မသိနားမလည်ခြင်း ဆိုတဲ့ အမှောင်ထုရဲ့စိုးမိုးမှုအောက်ကို ရောက်မှန်းမသိ ရောက်သွားရမှာ ဖြစ်ပါတယ်။ သင်က ဘဝတစ်သက်တာအတွင်း သက်သောင့်သက်သာ ရှိမယ့်နေရာ၊ ဘေးကင်းလုံခြုံမှုတွေရှိမယ့်နေရာမှာပဲ အမြဲတစေ ဖက်တွယ်နေမယ်ဆိုရင်…သင့်ဘဝတိုးတက်ရေးအတွက် ရွေးချယ်စရာကိစ္စတွေကို ပြတ်သားစွာ ရွေးချယ်နိုင်ခြင်းမရှိသလို မလုပ်ရဲမကိုင်ရဲဆိုတဲ့ အကြောက်တရားရဲ့ အကျဉ်းချခြင်းခံထားရတာကြောင့် ပြောင်းလဲ တိုးတက်နိုင်မယ့် အခွင့်အရေးတွေလည်း အမြဲတစေ ဆုံးရှုံးနေရမှာ ဖြစ်ပါတယ်။

လောကမှာ ကြောက်ရွံ့စရာကောင်းတဲ့ အရာတွေကို လုံးဝ

mgyoe.com

mgyoe.com


ကြောက်ရွံ့ခြင်းမရှိရဘူးလို့ ဘယ်သူကမှ ပိတ်ပင်တားဆီးခြင်းမရှိပါဘူး၊ သို့သော်လည်း ကြောက်ရွံ့စရာကောင်းတဲ့ အရာတွေရဲ့ နောက်ကွယ်မှာ သင့်အတွက် တန်ဖိုးရှိတဲ့ အရာတွေ ရှိနေပြီး သင်က အဲဒီအရာတွေကို ရယူပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ သင်က သတ္တိမွေးရပါလိမ့်မယ်။ အကြောက်တရား (သို့) ကြောက်ရွံ့စရာကိစ္စကို ရင်ဆိုင်ဖို့ သတ္တိရှိလာပြီ ဆိုရင် သင်လိုချင်တာကို ဘယ်လိုရယူရမယ်ဆိုတဲ့ စဉ်းစားတွေးခေါ်မှုလုပ်ပေးရပါလိမ့်မယ်။ တစ်ခါတစ်ရံ သင့်ဘဝ ဘွက် စွန့်စားမှုပါတဲ့ ရွေးချယ်မှုတွေကို လုပ်ရမယ်ဆိုရင်လည်း ပြတ်သားတဲ့ ဆုံးဖြတ်ချက်ချပြီး ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် သင်က ကြောက်ရွံ့ ထိတ်လန့်စရာကောင်းသောကိစ္စတွေကို ကြောက်ရွံ့ခြင်းပုံစံဖြင့်သာ ခံစားပြီး အချိန်တိုအတွင်း ကြောက်တဲ့စိတ်ကို အဝေးရောက်အောင် တွန်းထုတ်လိုက်ပါ။

သင့်ကိုယ်သင် အရာရာ လုပ်ရဲကိုင်ရဲတဲ့သတ္တိမွေးနိုင်ပြီဆိုရင် သင့်ရဲ့နှလုံးသားနဲ့ စိတ်ဝိညာဉ်က ပြောဆိုဝဲ့စကားတွေကို သေချာပီသစွာ ကြားလာနိုင်စွမ်းရှိပြီး အရာရာကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်နဲ့ ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

**အကြောက်တရားရဲ့တစ်ဖက်မှာ သင့်ရဲ့စစ်မှန်သော ကံကြမ္မာကို သင်ကိုယ်တိုင် ရှာတွေ့လိမ့်မယ်လို့ ယုံကြည်လက်ခံထားပေးပါ**

သင့်ဘဝရဲ့ အချိန်တော်တော်များများကို ထောင်ထဲမှာပဲ ကုန်ဆုံးစေခဲ့တယ်ဆိုရင်... သင်လွတ်မယ့်ရက်နီးလာလေ ကြောက်ရွံ့စိတ်ဝင်ရောက်လာလေဖြစ်တတ်ပါတယ်။

သင်က အကျဉ်းထောင်ကနေ လွတ်မြောက်ပြီဆိုရင် ဝမ်းသာစရာကောင်းသောအရာတွေနဲ့ တွေ့ကြုံရတော့မှာကိုတွေးပြီး ပျော်ရွှင်မိပါလိမ့်မယ်။

mgyoe.com

mgyoe.com


ဒါဟာသာမန်တွေးတောမှုသာဖြစ်ပြီး အလေးအနက်ထား တွေး တောရင်တော့ ကြောက်စိတ်ဝင်ရောက်မှာ ဖြစ်ပါတယ်။

သင်က အကျဉ်းထောင်မှာရှိနေစဉ်အတွင်း လွတ်လပ်မှု အလျှင်းမရှိဘဲ ချမှတ်ထားတဲ့ ထောင်စည်းကမ်းနဲ့အညီ နေထိုင်ရပါ တယ်။ သင့်အတွက် ပေးထားတဲ့ အခန်းနဲ့ပေးထားတဲ့ သတ်မှတ်နေရာ မှာပဲ နေထိုင်ရပြီး ဘယ်အချိန်အိပ်ရာက ထရမယ်၊ ဘယ်အချိန် ရေချိုး၊ ထမင်းစားရမယ်၊ ဘယ်အချိန်အိပ်စက်ရမယ်၊ ဘယ်အချိန် ကျန်းမာရေး လေ့ကျင့်ခန်း လုပ်ရမယ်ဆိုတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာရပါ မယ်။ ဒါဟာ သင်က ထောင်ကျနေစဉ်အတွင်း စည်းကမ်းဘောင်နဲ့အညီ လိုက်နာ နေထိုင်ရတာကြောင့် အချိန်ကြာလာတာနဲ့အမျှ ပိုပိုပြီးအသားကျ လာပါလိမ့်မယ်။ ထိုအခါ သင့်အတွက် နေ့စဉ်ပြုမှုလှုပ်ရှားမှုတွေက အခက်အခဲ မရှိတော့ပါဘူး။

အကယ်၍ သင်က အကျဉ်းထောင်ကနေ လွတ်မြောက်ပြီဆိုရင် ခါတိုင်းလိုထောင်ထဲမှာ လိုက်နာခဲ့ရတဲ့ စည်းကမ်းတွေ မရှိတော့တာ ကြောင့် နေမထိထိုင်မသာ ဖြစ်နေပြီး ဘယ်သွားပြီး ဘာလုပ်ရမယ်။ ဘယ်သူတွေနဲ့ တွေ့ဆုံရမယ်ဆိုတာကို မသိဘဲ သင့်ဆီမှာ မသေချာ မရေရာခြင်းတွေသာ လွှမ်းမိုးနေမှာ ဖြစ်ပါတယ်။

ဒီအခါ နောက်ဆက်တွဲဆိုးကျိုးအနေနဲ့ သင်မသိကျွမ်းတဲ့ သူတွေ ရှိရာ၊ သင်မရောက်ဖူးတဲ့ နေရာတွေကို သွားရမှာ ဘေးကင်းလုံခြုံမှု မရှိသလို ခံစားမိပါလိမ့်မယ်...။ ဒီအခါသင်က ကြောက်စိတ်ဝင်ရောက် လာပြီး 'လွတ်မြောက်ခြင်း' အခြေအနေကနေ မလွတ်မလပ်နဲ့ တင်းကျပ် တဲ့ စည်းကမ်းတွေရှိနေတဲ့ သင်နဲ့ရင်းနှီးပြီးသား အကျဉ်းထောင်ကိုသာ သွားလိုစိတ်က ပိုမိုပြင်းပြနေပါလိမ့်မယ်။

ဒါကြောင့် သင်က လွတ်မြောက်ခြင်းကို သတ္တိရှိရှိနဲ့ လက်တွေ့

mgyoe.com

mgyoe.com


အသုံးမချနိုင်သရွေ့ သင်အကျွမ်းတဝင်ရှိပြီးသား၊ စိတ်လွတ်လပ်တဲ့ အကျဉ်းထောင်ထဲမှာသာ ဆက်လက်နေထိုင်လိုစိတ်တွေ ဖြစ်လာပါလိမ့်မယ်။

ကျွန်တော်က ဘဝနေနည်းစည်းကမ်းနဲ့ အတွေးအခေါ် ဒဿနတွေကို ဆရာသမားကောင်းတစ်ယောက်ဆီကနေ ရရှိခဲ့ပါတယ်။

ဆရာ့ရဲ့ကျေးဇူးကြောင့် ကျွန်တော့်ဘဝကို ဆင့်ကဲပြောင်းလဲမှုတွေ အမျိုးမျိုး ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်အရင်က အဆင်မပြေမှုတွေ အမျိုးမျိုးကြောင့် စိတ်ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းခဲ့ရပြီး ဘယ်အရာကိုမှလည်း သက်ဝင်ယုံကြည်မှုရှိစွာနဲ့ အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဒီအခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ လျော့ကျလာပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား၊ လေးစားနိုင်စွမ်းတွေလည်း လျော့ကျသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့လူသားတွေရဲ့ စိတ်ဟာ အကန့်အသတ်တွေ ရှိနေပြီး နှလုံးသားကတော့ အကန့်အသတ်မဲ့စွာ ရှိနေတတ်ပါတယ်။

စိတ်ဟာ ရက်စက်ကြမ်းကြုတ်မှုတွေကို ဖြစ်စေတတ်ပါတယ်။ နှလုံးသားကတော့ အရာရာကို အကန့်အသတ်မဲ့စွာနဲ့ ခံစားပေးနိုင်စွမ်း ရှိပါတယ်။

သင်က စိတ်နဲ့နှလုံးသားကို ကောင်းမွန်သောခံစားမှုတွေ ပေးနိုင်အောင်နဲ့ အရာရာညီညွတ်မျှတစွာ ရှုမြင်နိုင်စွမ်းရှိအောင် ကြိုးစားပေးဖို့လိုပါတယ်...။

စိတ်ပိုင်းဆိုင်ရာအရ အရေးပေါ်ဆောင်ရွက်ရန် အခြေအနေတွေကို အကောင်းဆုံး ဆောင်ရွက်နိုင်စေဖို့ အကြောက်တရားကင်းစင်သော စိတ်ဓာတ်နဲ့ အကန့်အသတ်မဲ့သော ခံစားမှုတွေရှိထားဖို့ လိုအပ်ပါတယ်။

❑

mgyoe.com

mgyoe.com

# အခန်း ( ၂ )
# အောင်မြင်ရေးလမ်းစရှာသူက ဆရာတစ်ဆူနှင့် တွေ့ဆုံခြင်း

အဲဒီနေ့ညမှာ လူ ၅၀၀၀ လောက်ရှိနေတဲ့ အခန်းတစ်ခန်းထဲကို ကျွန်တော်ရောက်နေခဲ့ပြီး ဘဝနဲ့ပတ်သက်တဲ့ အရေးပါသော မေးခွန်းတွေကို အဖြေရှာခြင်းပြုလုပ်ခဲ့ပါတယ်။ ထိုအချိန်မှာ အခန်းထဲရှိနေတဲ့ စပီကာကနေ ရော့ခ်ဂီတတေးသံတွေ ပျံ့လွင့်ထွက်ပေါ်လာခဲ့တယ်။ ပြီးတော့ အခန်းထဲထွန်းထားတဲ့ မီးရောင်စုံတွေကလည်း ကျွန်တော်တို့ မျက်စိတွေကို ကျိန်းစပ်သွားစေခဲ့ပါတယ်။

ခဏအကြာ စကားပြောဆိုဆွေးနွေးမယ့် ငယ်ရွယ်နုပျိုတဲ့သူ တစ်ယောက် အခန်းထဲကို ဝင်ရောက်လာတာတွေ့ရတယ်...။

အဲဒီလူငယ်က ကြည်လင်ပြတ်သားသော အသံပိုင်ရှင်တစ်ယောက် ဖြစ်သလို...အဆုံးစွန်ဆွဲဆောင်မှုရှိတဲ့၊ ထူးခြားတဲ့စွမ်းရည်တွေ ပိုင်ဆိုင်ထားသူတစ်ယောက်လည်း ဖြစ်ပါတယ်။ အဲဒီလူငယ်က စကားအပြော ကောင်းတယ်။ တက်ရောက်လာတဲ့ ပရိသတ်ကို နှစ်နာရီကြာ

mgyoe.com

mgyoe.com


စိတ်ဝင်တစားဖြစ်အောင် ပြောဆိုနိုင်ခဲ့တယ်။

လူငယ်က သူဟာ ဖခင်မဲ့တဲ့ဘဝနဲ့ ငယ်စဉ်ဘဝကာလတွေကို ဖြတ်ကျော်ခဲ့ရကြောင်း သူက ကိုယ်ပိုင်အတွေးအမြင်တွေကို ထုတ်ဖော်ပြောဆိုရင်း ဘဝအမောပြေဟာသမြောက်တဲ့ စကားတွေကိုပါ ပြောပြခဲ့ပါတယ်။

"ဘဝမှာ သင်တို့အပြည့်အဝ မျှော်လင့်နိုင်တဲ့ တစ်ခုတည်းသော အရာကတော့ ကြိုတင်မျှော်လင့်ထားလို့ မရတဲ့ အမှတ်မထင်သော ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်"

"သင်က ဘုရားသခင်ကို ရယ်မောစေချင်တယ်ဆိုရင်...သင့်ရဲ့ လုပ်ငန်းအစီအစဉ်တွေကို သူ့ကိုပြောပြလိုက်ပါ"

ကျွန်တော်က အဲဒီလူငယ်ပြောတဲ့ အထက်ပါစကားတွေကို နားထောင်ရင်း သူ့ကိုချီးမွမ်းမိပါတယ်။ သူဟာ ဘဝအတွေ့အကြုံတစ်ရပ်ကို လူအများပရိသတ် နားလည်အောင် ဟာသနှောပြီး ပြောဆိုတတ်တဲ့ဘဝရဲ့ ကျောင်းသားတစ်ယောက်၊ သာမန်ဘဝတစ်ခုကို အောက်သက်ကျေစွာနဲ့ ဖြတ်သန်းပြီး သင်ခန်းစာယူနိုင်တဲ့သူ တစ်ယောက်ဖြစ်ပြီး အဘက်ဘက်ကလည်း ပြည့်စုံစွာတော်တဲ့ ဂုရုတစ်ယောက်လည်း မဟုတ်ပါဘူး။

လူငယ်လေးရဲ့ ပြောဆိုတင်ပြတဲ့ စကားတွေထဲမှာ သိပ်ကို တန်ဖိုးရှိပြီး မှတ်သားသင့်တဲ့ အချက်တွေ ပါဝင်နေတယ်ဆိုတာကို ကျွန်တော်သတိထားမိလိုက်တယ်။

"သင့်ရဲ့အထုအထောင်းခံထားရတဲ့ ဒဏ်ရာတွေကို သင့်ရဲ့အသိဉာဏ်အလိမ္မာအဖြစ်သို့ ပြောင်းလဲပေးလိုက်ပါ"

"သင့်အတွက် ခလုတ်တံသင်း ဖြစ်စေတဲ့ အတားအဆီး၊ အပိတ်အဆို့တွေကို သင့်ပန်းတိုင်ဆီသွားတဲ့ လှေကားထစ်တွေအဖြစ် ပြောင်းလဲ

mgyoe.com

mgyoe.com



ပေးလိုက်ပါ"

"သင့်နှလုံးသားကို ကွဲကြေပျက်စီးစေတဲ့အရာတွေနဲ့ပဲ သင့်ဘဝ တစ်ခုကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပေးနိုင်ပါတယ်"

အဲဒီကောင်လေးရဲ့ ပြောဆိုချက်တွေအားလုံးက ပရိသတ်ကို ပြုစားထားသလို ဖြစ်စေပြီး သူ့ပြောဆိုချက်တစ်ချက်ချင်း၊ တစ်ခွန်းချင်းစီကို ပရိသတ်က အသေအချာ နားထောင်နေတာကို တွေ့လိုက်ရပါတယ်။

သူ့ရဲ့စကားတစ်ခွန်းချင်းစီမှာ နားထောင်သူ ဧည့်ပရိသတ်ကို အသိပညာအလင်းရောင်ပေးနိုင်တဲ့ အချက်တွေပါရှိနေပြီး စကားတစ်ခွန်းနဲ့တစ်ခွန်းအကြားမှာလည်း တိတ်ဆိတ်မှုတွေနဲ့သာ နားစိုက်ထောင်ကြတာကို လေ့လာတွေ့ရှိရပါတယ်။

"လူအတော်များများက ဘဝတစ်သက်တာရဲ့ အချိန်ကုန်ဆုံးချိန်အထိ ဘယ်လိုနေထိုင်ရှင်သန်ရမယ်ဆိုတာကို မသိကြဘူး၊ နေထိုင်ရမယ့်နည်းလမ်းကိုလည်း ရှာမတွေ့ခဲ့ကြဘူး။ ဒါကတော်တော်နာတဲ့ အချက်ပါပဲ။ လူအတော်များများက သူတို့ဘဝ အချိန်တော်တော်များများကို ရုပ်သံဇာတ်လမ်းတွေကြည့်ရင်း ကုန်ဆုံးစေခဲ့တယ်… အချို့ကတော့ အမျိုးမျိုးသော အပျော်အပါးတွေ လိုက်စားရင်း အချိန်တွေကို အလဟဿ ကုန်ဆုံးစေခဲ့တယ်…။ အဲဒီလူတွေလိုမျိုး သင်တို့မဖြစ်ပါစေနဲ့လို့ ပြောချင်ပါတယ်"

လူငယ်က အဲဒီလိုပြောပြီးတာနဲ့ စကားကိုအဆုံးသတ်လိုက်တယ်။ သူ့ကို လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ချီးမွမ်းဂုဏ်ပြုတာကို ကျေနပ်စွာ ခံယူပြီး စကားပြောစင်မြင့်ပေါ်ကနေ ဆင်းသွားခဲ့ပါတယ်။

ကျွန်တော်က အဲဒီလူငယ်ပြောတဲ့စကားတွေကို စိတ်ထဲမှာ ပြန်လည်ကြားယောင်ရင်း နှုတ်ဆိတ်စွာနဲ့ အဲဒီမှာ ဆက်ထိုင်နေလိုက်မိတယ်။ ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော် မေးတဲ့မေးခွန်းတွေ တစ်ခုပြီး

mgyoe.com

mgyoe.com



တစ်ခုစိတ်ထဲမှာ ပေါ်လာခဲ့တယ်။

"ငါက ဘဝမှာ အောင်မြင်အောင် ဘယ်လောက်ပဲလုပ်လုပ် ငွေကြေးရအောင် ဘယ်လောက်ပဲရှာရှာ...အခုထိကို ဘာဆိုဘာမှ ထူးထူးခြားခြားဖြစ်မလာပါလား၊ ငါ့ဘဝတစ်သက်တာအတွင်း ထူးခြားမှုတွေရှိလာအောင် ဘယ်သူတွေက လုပ်ပေးနိုင်မလဲ၊ ငါ့ရဲ့ဇနီးမယားက လုပ်ပေးနိုင်မလား။ ဒါမှမဟုတ် ငါ့ရဲ့သားသမီးတွေက လုပ်ပေးနိုင်မလား။

"တကယ်လို့ ငါ့ဘဝအောင်မြင်ရေးအတွက် ရွေးချယ်မှုတွေ လုပ်မယ်ဆိုရင်လည်း ဘယ်လိုရွေးချယ်မှုတွေက မှန်ကန်ပြီး ဘယ်လိုရွေးချယ်မှုတွေက လမ်းမှားကို ရောက်သွားစေနိုင်မလဲ"

ကျွန်တော်က အမျိုးမျိုးသောမေးခွန်းတွေထုတ်ပြီး ကျွန်တော့်ဘဝရှေ့ရေးအတွက် အကောင်းဆုံး အစီအစဉ်တွေ ရေးဆွဲဖို့စီစဉ်လိုက်ပါတယ်။

ကျွန်တော့်ဘဝတိုးတက်ဖို့ အခြေအနေအမျိုးမျိုးကို ရွေးချယ်ရာမှာ ကျွန်တော်အရင်က တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ်တွေကိုလည်း လုပ်သင့်ရင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်။

ကျွန်တော်မျက်လုံးပိတ်ပြီး စဉ်းစားလိုက်တယ်။

ခဏအကြာ ကျွန်တော့်နာမည်ကို အော်ခေါ်တဲ့အသံ ကြားလိုက်ရတယ်။ ကျွန်တော်မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော့်ထိုင်ခုံရဲ့နံဘေးမှာ အဖြူရောင် စာအိတ်တစ်လုံးရှိနေတာ တွေ့လိုက်ရတယ်။ စာအိတ်ပေါ်မှာ ကျွန်တော့်နာမည်ကို အနီရောင်ရှိပြီး လှပတင့်တယ်တဲ့ လက်ရေးတွေနဲ့ ပုံဖော်ရေးထိုးထားတာတွေ့လိုက်ရတယ်။ စာအိတ်ကို ချိပ်ပိတ်ထားတာပါ။

ကျွန်တော်စာအိတ်ကို ဖောက်လိုက်တယ်။ ပြီးတော့ စာရွက်ပေါ်

mgyoe.com

mgyoe.com



ရေးထားတဲ့ စာသားတွေကို ဖတ်လိုက်တယ်။

"သင့်ကိုယ်သင့် အလိမ်အညာမုသားတွေ ရောပြွန်းပြည့်လျှံနေတဲ့ ဘဝထဲကနေ ရုန်းထွက်ပြီး သင့်ကိုယ်သင် မှန်ကန်စွာနေထိုင်ပေးပါ။ သင့်ရဲ့ကံကြမ္မာအခြေအနေ အရပ်ရပ်ကို သင်ကိုယ်တိုင် တွေ့အောင်ရှာပေးဖို့လိုပါတယ်။ သင့်ဘဝတိုးတက်အောင် မလုပ်နိုင်သေးတဲ့ အပေါ် စိတ်ဓာတ်ကျစရာ မလိုအပ်ဘဲ သင့်ကံကြမ္မာကို အကောင်းဆုံးဖြစ်အောင် လိုအပ်သလို ပြုပြင်ပေးရပါမယ်"

ကျွန်တော့်ကို စာစောက စကားပြောစင်မြင့်ပေါ်မှာ ရှိခဲ့တဲ့ လူငယ်က ဒီစာပေးသွားတယ်ဆိုတာ ကျွန်တော်နားလည်လိုက်တယ်။

ဒီလိုနဲ့ ရုတ်တရက် ကျွန်တော့်စိတ်ထဲမှာ နားလည်လိုက်တဲ့ အရာတစ်ခုကတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ထားရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ကျွန်တော်က သတိပေးစာကို ဖတ်ပြီးတာနဲ့ ကျွန်တော့်ရဲ့ အရေးကြီးတဲ့ ဖိုင်တွေထည့်တဲ့ လက်ဆွဲအိတ်ထဲမှာ ထည့်သိမ်းထားလိုက်တယ်။ နောက်တော့ ကျွန်တော် ရဲဝံ့စွာနဲ့မတ်တတ်ရပ်လိုက်ပြီး စကားပြောစင်မြင့်ဆီ ခြေလှမ်းတွေဦးတည်လိုက်တယ်။ ကျွန်တော် စောစောက ဖတ်လိုက်ရတဲ့စာကြောင့် ကိုယ့်ကိုယ်ကိုယ် ခွန်အားတွေ ရှိလာခဲ့သလို...အရင်ကထက်ပိုပြီး တက်ကြွလန်းဆန်းလာသလို ဖြစ်လာပြီး လူအများရှေ့မှာ ရဲရဲဝံ့ဝံ့ပြောဆိုချင်တဲ့ စိတ်တွေလည်း ဖြစ်ပေါ်လာခဲ့ရပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ စင်မြင့်ပေါ်မှာ မပြောဖြစ်ခဲ့ပါဘူး။ ကျွန်တော်က စကားပြောစင်မြင့်ရဲ့ အနောက်ကို ရောက်သွားခဲ့တယ်။ အဲဒီမှာ အခန်းငယ်တစ်ခန်းတွေ့တော့ ကျွန်တော်က တံခါး သုံးချက်ခေါက်လိုက်တယ်။ အထဲကနေတစ်ယောက်မှ ပြန်ဖြေသံကိုမကြားရပါဘူး။ ဒီတော့ ကျွန်တော်က နောက်တစ်ကြိမ် တံခါးသုံးချက် ခေါက်လိုက်ပြန်တယ်။

mgyoe.com

mgyoe.com



ဒုတိယအကြိမ်မှာတော့ ကျွန်တော်က တံခါးကိုပိုပြီး အားထည့်ခေါက်လိုက်တာပေါ့...။ ဒီအခါမှာလည်း အထဲက ပြန်ဖြေသံကို မကြားရပါဘူး၊ ကျွန်တော်က တံခါးကို ဆက်မခေါက်သေးဘဲ ခေတ္တစောင့်ဆိုင်းနေလိုက်တယ်။ ပြီးမှ ကျွန်တော်ဟာ သက်သက်မဲ့ အချိန်အလကား ဖြုန်းနေမိတာပဲလို့ တွေးလိုက်မိပြီး နောက်ထပ်တံခါး ဆက်မခေါက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်...။ ကျွန်တော်အခုလောလောဆယ်မှာ အရမ်းကို ပင်ပန်းနေတာကြောင့် အိပ်စက်ဖို့လိုတယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။

ကျွန်တော်က အိပ်ရေးပျက်တဲ့ညတွေကြောင့် အာရုံကြောတွေထိခိုက်၊ ပင်ပန်းမှာကို စိုးရိမ်ပြီး လက်ဖက်ရည်ပူပူလေး မကြာခဏသောက်ဖြစ်တယ်။

ကျွန်တော်က အခန်းတံခါးဝမှာ ဟိုတွေး၊ ဒီတွေးနဲ့ ရပ်နေတုန်းစောစောက ကျွန်တော် နှစ်ကြိမ်တိုင်တိုင်ခေါက်ခဲ့တဲ့ အခန်းတံခါးက မမျှော်လင့်ဘဲ ပွင့်သွားခဲ့တယ်။ တံခါးပွင့်သွားခဲ့ပေမဲ့ အထဲမှာ ဘယ်သူမှ မရှိတာတွေ့လိုက်ရလို့ ကျွန်တော် အရမ်းအံ့သြသွားခဲ့တယ်။ ကျွန်တော်က ပွင့်လာတဲ့တံခါးကို ပိုပြီးကျယ်သွားအောင် အဆုံးထိဖွင့်လိုက်တယ်။

ကျွန်တော်အဲဒီအခန်းထဲကို ရောက်သွားပြီး မြင်လိုက်ရတဲ့အရာတစ်ခုကြောင့် အရမ်းကိုအံ့သြသွားမိတယ်။ ဘာကြောင့်ဆိုတော့ ကြမ်းပြင်ပေါ်မှာ နှင်းဆီပွင့်ဖတ်တွေက ပြန့်ကျဲနေတယ်လေ...။ ပြီးတော့ ကျွန်တော့်ရှေ့မှာ အရပ်မြင့်တဲ့လူတစ်ယောက် ပေါ်လာတာတွေ့ရတယ်။ အဲဒီအရပ်မြင့်တဲ့သူက အနီရဲရဲဝတ်ရုံတစ်ခုကို ဝတ်ထားတာ တွေ့လိုက်ရတယ်...။

အဲဒီအနီရောင်ဝတ်ရုံဟာ နီပေါက သူတော်စင်ဘုန်းကြီးတွေ ဝတ်ဆင်တဲ့ သင်္ကန်းနဲ့ဆင်တူပါတယ်။

mgyoe.com

mgyoe.com


အနီရောင်ဝတ်ရုံဝတ်ထားတဲ့သူက ကျွန်တော့်ကို ကျောပေးရပ်နေတာတွေ့ရတယ်။ သူက လုံးဝကိုမလှုပ်မယှက်နဲ့ ရပ်နေတာပေါ့။ အဲဒီလူဝတ်ထားတဲ့ အနီရောင်ဝတ်ရုံကျောဘက်မှာ ပန်းထိုးထားတာကို ကျွန်တော်တွေ့လိုက်ရတယ်။ ဝတ်ရုံတစ်ခုလုံးကို ကြည့်ရတာဟာ အရောင်ကစိုပြီး တောက်ပနေတာကိုပါ သတိထားမိတယ်။ ကျွန်တော်က စိတ်ရောကိုယ်ပါ ပြေလျော့အောင် လျှော့ချလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်တယ်။

နောက်တော့ ကျွန်တော့်ကို ကျောပေးရပ်နေတဲ့သူက ကျွန်တော့်ဘက်ကို တဖြည်းဖြည်းလှည့်လိုက်တယ်။ သူက ကျွန်တော့်ရှေ့တည့်တည့်မှာ ဆက်ရပ်နေပြီး ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်လိုက်တယ်။ သူ့ရဲ့အကြည့်က ကျွန်တော့်လိပ်ပြာ လွင့်သွားရတော့မယ့် အတိုင်းပါပဲ…။

ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ အဲဒီလောက်ပါဝါမြင့်မားတဲ့သူကို ကျွန်တော်တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသေးပါဘူး။ သူက ငယ်ရွယ်နုပျိုတဲ့အသွင်ရှိပြီး အသားက ခပ်ညိုညိုနဲ့ ပြီးတော့ ဦးခေါင်းထက်မှာ နက်မှောင်တဲ့ဆံပင်တွေက ထူထဲစွာရှိနေတယ်။ သူ့ခန္ဓာကိုယ်တည်ဆောက်ပုံနဲ့ ဟန်ပန်လှုပ်ရှားမှုတွေက ကျန်းမာရေးကောင်းတဲ့ အခြေအနေရှိကြောင်း ဖော်ပြနေတယ်။ ပြောရရင် ဂရိနတ်ဘုရားတစ်ပါးကောင်းကင်ကနေ လူ့ပြည်ကိုဆင်းသက်လာသလားလို့တောင် ထင်ရပါတယ်။ ဒါမှမဟုတ် ဟောလီးဝုဒ်သရုပ်ဆောင် (မင်းသား) တစ်ယောက်လိုမျိုးခန့်ညားတယ်လို့ ပြောနိုင်တယ်။ သူ့မျက်လုံးတွေက စူးရှတောက်ပတယ်။ သူ့မျက်လုံးအကြည့်တွေကို ကျွန်တော်ဘယ်တော့မှ မေ့နိုင်မယ်မထင်ပါဘူး။ ဒီတော့ ဒီလူက ဘယ်သူဖြစ်မလဲ၊ ဘာကြောင့်သူက ကျွန်တော့်ကို စူးစိုက်ပြီး ကြည့်နေရတာလဲ။ ကျွန်တော်ကကော ဘာကြောင့်သူကို မကြောက်မရွံ့ရင်ဆိုင်ပြီး ရပ်ကြည့်နေမိတာလဲ

mgyoe.com

mgyoe.com


ကျွန်တော်က မေးခွန်းပေါင်းများစွာနဲ့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မေးခွန်း ထုတ်ရင်း ဘာလုပ်ရမှန်းမသိဘဲ နေရာမှာပဲ ဆက်ပြီးမတ်တတ်ရပ်နေခဲ့မိတယ်။

အခန်းက ပကတိအတိုင်း ဆက်လက်တိတ်ဆိတ်နေသလို... ကျွန်တော့်ရှေ့က လူကလည်း မလှုပ်မယှက် ဆက်ရပ်နေဆဲပေါ့။ သူ့ဘက်က ဘာမှထူးထူးခြားခြား လှုပ်ရှားမှုတွေ မပြသေးတော့ ကျွန်တော်ကလည်း ဆက်ပြီးစောင့်ကြည့်နေတာပေါ့။

ခဏကြာတော့မှ သူ့နှုတ်ခမ်းနှစ်လွှာကို နည်းနည်းလေး လှုပ်ရှားရုံယှဲ့ယှဲ့လေးပြုံးလာပါတော့တယ်။ ပြီးတော့ သူ့မျက်လုံးအစုံက တဖျတ်ဖျတ်လင်းလက် တောက်ပလာပြီး သူ့ကိုယ်သူယုံကြည်ချက်ရှိတဲ့ လေသံနဲ့ ပြောဆိုပါတော့တယ်။

"သင်သာလျှင် သင့်ရဲ့ကံကြမ္မာကို ကိုယ်တိုင်ရှာဖွေ တွေ့ရှိအောင် လုပ်နိုင်လိမ့်မယ်။ သင်ကိုယ်တိုင်သာလျှင် သင်လျှောက်မယ့်လမ်းကို အကောင်းဆုံး ခင်းကျင်းနိုင်ပါလိမ့်မယ်။ သင့်နှလုံးသားက သင်ကိုယ်တိုင်ဖောက်ထားတဲ့ လမ်းကိုလျှောက်နိုင်ဖို့ သင့်ကိုသတိပေးနေပါလိမ့်မယ်။ သင့်ခရီးလမ်း ဖြောင့်ဖြူးသာယာစေဖို့အတွက် လမ်းပြကောင်း တစ်ယောက်ပါခဲ့ရင် ပိုကောင်းပါလိမ့်မယ်။ သင်အခုဘာကိုမှ ကြောက်စရာမလိုဘူး၊ သင်အခု ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော်သိတယ်။ သင်အခု စိတ်ရှုပ်နေတာတွေကို ကျွန်တော်သိတယ်။ သင်ဘာတွေကို လိုချင်တောင့်တ နေတယ်ဆိုတာကိုလည်း ကျွန်တော်အတော်များများ သိထားတယ်"

ကျွန်တော်က အဲဒီလူစကားဆုံးတော့ အံ့သြစွာနဲ့ပြန်မေးလိုက်တယ်။

"နေစမ်းပါဦး၊ ကျွန်တော်လိုချင် တောင့်တနေတဲ့အရာတွေကို

mgyoe.com

mgyoe.com


သိတယ်၊ ဟုတ်လား"

ဒီအခါအဲဒီလူက ပြန်ဖြေတယ်။

"ခင်ဗျားက အောင်မြင်ရေးလမ်းစကို လိုက်ရှာနေတဲ့သူပဲ...ကမ္ဘာဂြိုလ်ပေါ်မှာ အောင်မြင်မှုရအောင် လိုက်ရှာနေတဲ့ အခြားသူတွေလိုမျိုးပဲပေါ့...လောကကြီးက သာမန်ရိုးရှင်းတဲ့ဘဝမှာ နေထိုင်နေတဲ့သူတွေကို ထူးထူးခြားခြား အောင်မြင်တဲ့သူတွေ ဖြစ်လာအောင် ပြောင်းလဲပေးနိုင်တယ်။ သင်က သက်သောင့်သက်သာဖြစ်တဲ့ အခြေအနေမှာ ကျေနပ်စွာနဲ့ ဆက်လက်ရပ်တည်ရှင်သန်မယ်ဆိုရင်...ဘာဆိုဘာမှ ထူးထူးခြားခြား အောင်မြင်ပြောင်းလဲမှုတွေ ရှိလာမှာမဟုတ်ဘူးလေ။ တိုးတက်အောင်မြင်မှုတွေ ဆင့်ကဲလိုချင်နေတဲ့ သူတွေကတော့ အမြဲတစေ မရပ်မနားကြိုးစားအားထုတ်တတ်ကြတယ်"

စကားဆုံးတာနဲ့ အဲဒီလူက ရယ်လိုက်တယ်။ ပြီးမှ အခုလိုဆက်ပြောတယ်။

"ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ။ ကျွန်တော်က ကြိုးစားအားထုတ်ပြီး အောင်မြင်လိုတဲ့စိတ်ရှိသူတွေကို ဆန္ဒပြည့်ဝစေချင်တယ်၊ အောင်မြင်စေချင်တယ်။ အခု သင့်ကိုအောင်မြင်အောင် လမ်းပြပေးဖို့ ကျွန်တော်ဒီကို ရောက်လာတာပါ...။ ကျွန်တော့် နာမည်ကတော့ 'ဂျူလီယန်မန်တယ်' လို့ခေါ်ပါတယ်။ သင့်ရဲ့ကံကြမ္မာကို သင်ကိုယ်တိုင် ရှာတွေ့နိုင်ဖို့အတွက် ကျွန်တော်က အကူအညီပေးချင်လို့ ရောက်လာခဲ့တာပါ..."

ဂျူလီယန်မန်တယ်ဆိုသူက စကားဆုံးတာနဲ့ သူဝတ်ထားတဲ့ အနီရောင် ဝတ်ရုံအောက်က ပိုးသားအိတ်ထဲကို လက်နှိုက်ပြီး ငှက်ပျောသီးတစ်လုံးကို ထုတ်ယူလိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို အခုလို မေးပြန်တယ်။

"ခင်ဗျား ကျွန်တော်ပြောတာတွေကို ယုံကြည်သလား"

mgyoe.com

mgyoe.com


ပြီးတော့ သူက ငှက်ပျောသီးကို အခွံနွှာပြီး အားရပါးရစား လိုက်တယ်။ နောက်တော့...

"ခင်ဗျားရော တစ်လုံးလောက် စားကြည့်ဦးမလား..." လို့ သူ့အိတ်ထဲကို လက်ညှိုးညွှန်ပြပြီး ကျွန်တော့်ကို မေးလိုက်တယ်။

မစ္စတာဂျူလီယန်မန်တယ်က ဆက်ပြောတယ်။

"ငှက်ပျောသီးဆိုတာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရမ်း ကောင်းတယ်။ အစားအသောက်ကောင်းကောင်း တစ်လုတ်လောက် စားလိုက်ရရင် ခန္ဓာကိုယ်အတွက် အာဟာရဓာတ်တွေ ပြည့်ဝအောင် ဖြည့်ပေးတာနဲ့ အတူတူပဲလေ..." ဂျူလီယန်က ပြောစကား မပြတ်သေး ပေမဲ့ ကျွန်တော်ကတော့ အဲဒီလူ ဂျူလီယန်ဆိုတာကို မယုံနိုင်အောင် ဖြစ်နေခဲ့ရပါတယ်။

ဂျူလီယန်က ကျွန်တော့်ရှေ့မှာရပ်ပြီး တန်ဖိုးရှိတဲ့စကားတွေနဲ့ ကျွန်တော့်ဘဝကံကြမ္မာကောင်းတွေ ရရှိအောင်နည်းပေးလမ်းပြ လုပ်နေ ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်ဟာ ငယ်စဉ်ကတည်းက ဂျူလီယန်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ကျွန်တော့်အဖေဆီကနေ ကြားသိခဲ့ဖူးပါတယ်။

ကျွန်တော့်အဖေက ဥပဒေအကျိုးဆောင်လုပ်ငန်းမှာ လုပ်ကိုင်ခဲ့ ဖူးတဲ့ ရှေ့နေတစ်ယောက်ဖြစ်တာကြောင့် ဂျူလီယန်မန်တယ်နဲ့ ပတ်သက် တဲ့အကြောင်းတွေကို အတော်များများ သိထားပြီး ကျွန်တော့်ကို ပြန်လည်ပြောပြဖူးခဲ့ပါတယ်။ ဂျူလီယန်ဟာ ပညာဉာဏ်ကြီးမား သလောက် စွမ်းဆောင်ရည်ကလည်း အားကောင်းတယ်။ အထုံပါရမီ ကောင်းတွေကိုလည်း ကောင်းမွန်စွာ အသုံးချနိုင်ပြီး နောက်ခံအသိုက် အဝန်းကလည်း ရာထူးဂုဏ်သိန်အဆင့်အတန်း မြင့်မားပြီး ဩဇာတိက္ကမ ကြီးမားတဲ့ မျိုးရိုးကနေ ဆင်းသက်လာသူဖြစ်တယ်။ သူ့ရဲ့အောင်မြင်မှုနဲ့

mgyoe.com

mgyoe.com


ထင်ပေါ်ကျော်ကြားမှုတွေ၊ ကြီးပွားတိုးတက်အောင်မြင်မှုတွေကြောင့်လည်း လူတိုင်းက လေးစားအားကျရတဲ့သူ တစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့တာတွေ့ရပါတယ်။

ဂျူလီယန်ဟာ ဟားဗက်တက္ကသိုလ်ကနေ ဥပဒေပညာရပ်ဖြင့်ကျောင်းပြီးခဲ့ပြီး သူ့ဘဝအောင်မြင်မှုအတွက် ကံကြမ္မာကို သူကိုယ်တိုင်ရှာတွေ့နိုင်ခဲ့သူ ဖြစ်ပါတယ်။ ဂျူလီယန်ဟာ ပညာလည်းတတ်၊ အောင်မြင်မှုကျော်ကြားမှုလည်းရှိတဲ့အပြင် ငွေကြေးကြွယ်ဝမှုလည်း ရှိနေတာကြောင့် မြို့ထဲက အချောဆုံး၊ အလှဆုံးသော အမျိုးသမီးတွေနဲ့ထည်လဲတွဲနိုင်ခဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ သူတွဲခဲ့တဲ့ အမျိုးသမီးအများစုဟာ ဖက်ရှင်မော်ဒယ်တွေဖြစ်ကြပြီး သူ့ရဲ့စကားအပြောအဆိုကောင်းမှုတွေအပေါ် သာယာခဲ့ကြသူတွေ ဖြစ်ပါတယ်။

ကျွန်တော်ငယ်စဉ်က ကျွန်တော့်ကို အဖေက မြို့ထဲခေါ်သွားတိုင်း ဂျူလီယန်မန်တယ်ရဲ့ စံအိမ်တော်ကြီးကို မြင်ဖူးရအောင် ခေါ်ပြလေ့ရှိတယ်။ သူက ကျွန်တော့်အတွက် လေးစားအားကျစရာကောင်းတဲ့သူတစ်ယောက်ဖြစ်ခဲ့ရတာပေါ့။ ဂျူလီယန်ရဲ့ စံအိမ်ဝင်းထဲမှာ လှပတဲ့အပန်းဖြေဥယျာဉ်ကြီး တစ်ခုလည်း ရှိပါသေးတယ်။ ပြီးတော့ သူစီးတဲ့ကားအကောင်းစားတွေ၊ ကိုယ်ပိုင်ဂျက်လေယာဉ်ကိုလည်း အဖေကကျွန်တော်မြင်ဖူးအောင် လိုက်ပြပေးတယ်။

ဂျူလီယန်ပိုင်ဆိုင်ထားတာတွေကို ကြည့်ပြီး လေးစားအားကျတဲ့စိတ်ဖြစ်ဖို့နဲ့ တစ်ချိန်မှာ သူ့လိုဖြစ်အောင် ကြိုးစားချင်တဲ့စိတ်တွေရှိလာအောင် အဖေကအခုလို လိုက်ပြပေးတယ်ဆိုတာ သိလိုက်ရတယ်။

ဂျူလီယန်ဟာ တစ်ချိန်က အဆုံးစွန်အောင်မြင်တဲ့သူ တစ်ယောက်အဖြစ် ရပ်တည်ခဲ့သော်လည်း နောက်ပိုင်းမှာ သူ့အတွက် မကောင်းသောတစ်စုံတစ်ရာ ကိစ္စတစ်ခု ဖြစ်လာစေခဲ့ပါတယ်။ ကျွန်တော့်အဖေရဲ့

mgyoe.com

mgyoe.com


ပြောပြချက်အရ သူဟာ အောင်မြင်မှုတွေကို ဆက်လက်တည်မြဲအောင် မထိန်းသိမ်းနိုင်ဘဲ ပြိုကွဲပျက်စီးစေတဲ့ အမှားတွေကိုသာ လုပ်ခဲ့မိတယ်လို့ သိလိုက်ရပါတယ်။

ဂျူလီယန်ဟာ အစားအသောက် အနေအထိုင် မှားယွင်းမှုကြောင့် ကိုယ်အလေးချိန် မြင့်တက်လာပြီး ဆေးလိပ်၊ ဆေးပြင်းလိပ် သောက်သုံးမှုနဲ့ အရက်သေစာ သောက်စားမှုတွေကလည်း လွန်ကဲခဲ့တာကြောင့် ကျန်းမာရေးဖောက်ပြီး နှလုံးရောဂါရတဲ့အထိ ၇ုက္ခရောက်ခဲ့ရပါတယ်။

တကယ်တော့ ဘယ်သူမဆို ပိုပိုပြီး မြင့်တဲ့နေရာကို ရောက်သွားလေ...မှားယွင်းချွတ်ချော်မှုကြောင့် အောက်ကို ပြုတ်ကျခဲ့ရင်လည်း ပိုပြီးအထိနာလေဖြစ်တတ်တယ်ဆိုတဲ့ သဘောကို ကျွန်တော်အပြည့်အဝ နားလည်လိုက်ပါတယ်။

ကျွန်တော့်အဖေပြောခဲ့တဲ့စကားတွေအရ တစ်နေ့မှာ ဂျူလီယန်ဟာ ရုံးခန်းထဲမှာ အမှုကိစ္စပြောဆိုဆွေးနွေးနေတုန်း ရုတ်တရက် ပုံလျက်သား လဲကျသွားခဲ့တယ်။ ဆေးရုံတင်တော့ ဆရာဝန်က ရုတ်တရက်နှလုံး ရောဂါဖောက်တာလို့ သတိပေးခဲ့တယ်။

လူဆိုတာ အောင်မြင်မှုရနေတဲ့အချိန်အတွင်း အရာရာကို သတိနဲ့ ထိန်းချုပ်ပြီးအမှားအယွင်းမရှိအောင်၊ အောင်မြင်မှုတွေကို ဆက်လက် ထိန်းသိမ်းထားနိုင်အောင် ကြိုးစားရမယ်ဆိုတာကို ဂျူလီယန်က သက်သေပြသွားခဲ့ပါတယ်။

ဂျူလီယန်ဟာ ကျန်းမာရေးဖောက်ပြန်တဲ့ အခြေအနေနဲ့ ရင်ဆိုင်ရပြီးတဲ့နောက်ပိုင်း သူ့ရဲ့တစ်ချိန်က အောင်မြင်မှုတွေအားလုံးဟာ ကျရှုံးခြင်းအဖြစ် ဦးတည်နေတာကို တွေ့လိုက်ရတယ်။

ဂျူလီယန်အနည်းငယ် ပြန်ကျန်းမာလာပြီးတဲ့နောက် သူ့အတွက် အောင်မြင်မှုတွေ ဖြစ်တည်စေခဲ့တဲ့ ဥပဒေ အကျိုးဆောင်လုပ်ငန်းကနေ

mgyoe.com

mgyoe.com


အပြီးအပိုင် နုတ်ထွက်ပြီး နိုင်ငံထဲကပါ တစ်ခါတည်း ထွက်ခွာသွား ခဲ့တယ်လို့ နောက်ပိုင်းမှာ သိလိုက်ရပါတယ်။

ဂျူလီယန်စီးပွားရေးကျဆင်းပြီးတဲ့နောက် သူပိုင်ဆိုင်စံစားခဲ့ရတဲ့ စံအိမ်တော်ကြီးရယ်...။ သူ့ကိုယ်ပိုင်ဂျက်လေယာဉ်ရယ်၊ သူ့အပန်းဖြေ ဥယျာဉ်ကြီးရယ်၊ ပြီးတော့ သူပိုင်ဆိုင်ခဲ့တဲ့ အရာတွေအားလုံးကို ငွေကြေး လိုအပ်ချက်အရ ပြန်ရောင်းလိုက်ရတယ်။ နောက်တော့ သူအိန္ဒိယကို ထွက်ခွာသွားခဲ့တယ်။ အိန္ဒိယပြည်ဟာ စွန့်စားမှုနဲ့ အောင်မြင်အောင် လုပ်တဲ့သူတွေ သန်းနဲ့ချီပြီး ရှိနေတဲ့၊ ဉာဏ်ပညာကြီးသူတွေများစွာ နေထိုင်တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။

ကျွန်တော့်အထင်တော့ သူ့ဘဝကံကြမ္မာသစ်ကို သူကိုယ်တိုင် ရှာတွေ့နိုင်ဖို့နဲ့ အချို့သောသိလိုတဲ့အဖြေတွေကို ရှာဖွေဖို့ အိန္ဒိယက သူ့ကိုကမ်းလှမ်းသလို သူကလည်း လိုလိုလားလား သွားရောက်လေ့လာ ရှာဖွေမှုတွေ လုပ်ချင်တဲ့စိတ်ရှိတာကြောင့် လက်တွေ့သွားရောက် ဖြစ်တာ ဖြစ်နိုင်ပါတယ်။

အဲဒီအချိန်ကစပြီး ဂျူလီယန်မန်တယ်ရဲ့အမည်ကို တစ်ခါတစ်ရံ ယောင်ပြီး ခေါ်မိတဲ့သူတောင်မရှိတော့သလို...သူ့အကြောင်းသတင်း တစ်စွန်းတစ်စကိုတောင် မကြားရဘဲ နှစ်တွေကြာညောင်းလာခဲ့ပါတယ်။

လူအများစုကတော့ သူ့ကိုသေပြီလို့တောင် သတ်မှတ်ထားလိုက် ကြပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ သတင်းစာတစ်စောင်ရဲ့ ဆောင်းပါး တစ်ခုမှာ သူ့နာမည်ကို ကျွန်တော်တွေ့လိုက်ရတယ်။

ကျွန်တော်ဆောင်းပါးကို ဖတ်ကြည့်တော့ ဂျူလီယန်ဟာ အိန္ဒိယကို ရောက်သွားပြီးတဲ့ နောက်ပိုင်းသူ့ကိုယ်သူ အဘက်ဘက်ကနေ အရင်နဲ့ မတူအောင် အသွင်ပြောင်းလိုက်တဲ့အကြောင်း အိန္ဒိယပြည်ထဲမှာ သူ့ဘဝကို အကောင်းဆုံး ပုံစံအနေအထားနဲ့ ဇာတ်မြှုပ်ပြီး စိတ်သစ်၊

mgyoe.com

mgyoe.com


လူ့သစ်၊ ဘဝသစ်နဲ့ နေထိုင်ဖို့ ခိုင်မာစွာဆုံးဖြတ်ချက်ချခဲ့တဲ့ အကြောင်း နောက်ပိုင်းမှာ ဟိမဝန္တာတောင်တန်းဒေသရဲ့ အမြင့်ဆုံးသော တောင်ထိပ်တွေမှာ သူတော်စင်ရဟန်းဘဝကို ခံယူပြီး တရားအားထုတ်နေထိုင်ခဲ့တဲ့ အကြောင်း၊ သူက ဘဝတူရဟန်းတွေအကြားမှာ မွေ့ပျော်ပြီး မြင့်မြတ်စင်ကြယ်သောဘဝနဲ့ သက်ဆုံးတိုင်နေသွားဖို့ ဆုံးဖြတ်ခဲ့တဲ့အကြောင်းတွေ ရေးထားတာတွေ့ရပါတယ်။

ဆောင်းပါးမှာ ဆက်လက်ရေးထားတာတွေကို ဖတ်လိုက်တော့ သူ့ရဲ့အဘက်ဘက်က အသွင်ပြောင်းနိုင်စွမ်းကြောင့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ အခြေအနေတွေအားလုံးက ကောင်းသော ပြောင်းလဲမှုအဖြစ် အရှိန်အဟုန် မြင့်တက်လာပြီး လက်ရှိအသက်အရွယ်ထက် အဆပေါင်းများစွာပိုပြီး နုပျိုငယ်ရွယ်တဲ့အသွင် ဖြစ်လာကြောင်း သူ့ရဲ့ကံကြမ္မာသစ်ကို သူကိုယ်တိုင်ရှာတွေ့ပြီး သူ့ကိုယ်သူပြန်လည်ဖန်တီးနိုင်စွမ်းတွေနဲ့ ရုပ်တည်နိုင်ခဲ့တာကြောင့် နုပျိုတဲ့လူငယ်လေးတစ်ယောက်လိုမျိုး အသွင်ပြောင်းနိုင်ခဲ့သူဖြစ်ပါတယ်...။

ဂျူလီယန်ဟာ ငယ်စဉ်ကတည်းကရှိခဲ့တဲ့ စိတ်ခံစားမှုတွေကိုရော အောင်မြင်တဲ့ ကျွမ်းကျင်ပညာရှင်တစ်ယောက်ဘဝမှာ ရှိခဲ့တဲ့ စိတ်ခံစားမှုတွေကိုပါ တစ်လက်စတည်း အကုန်အစင်ပြောင်းလဲပြီး နောက်ဆက်တွဲအဖြစ် ဒေါသ၊ လောဘ၊ မောဟတွေ ကင်းစင်အောင် ငါ-အတ္တစွဲနဲ့ ဘယ်တော့မှ အတောမသတ်နိုင်တဲ့ လိုချင်တပ်မက်စိတ်တွေကင်းစင်အောင် တည်ငြိမ်အေးချမ်းသော စိတ်တွေနဲ့ ဖယ်ရှားနိုင်ခဲ့သူဖြစ်ပါတယ်။

မိမိဘဝကံကြမ္မာကို ကိုယ်တိုင်ရှာတွေ့ပြီး အဓိပ္ပာယ်ရှိသော ဘဝတစ်ခုကို တည်ဆောက်နိုင်ဖို့က အတိတ်ကာလရဲ့ မကောင်းသော အခြေအနေအကြောင်းတရားတွေကို မေ့ပစ်ပြီးလက်ရှိကာလမှာ ပြုပြင်စရာရှိတာတွေကိုရဲဝံ့စွာ ပြုပြင်ဖို့လိုအပ်တယ်ဆိုတာကို ဂျူလီယန်က သင်ခန်း

mgyoe.com

mgyoe.com



စာပေးခဲ့တာ ဖြစ်ပါတယ်။ ဂျူလီယန်ဟာ ယခင်က သူ့ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်အတွက် ဖြစ်စေ၊ လူမှုဆက်ဆံရေးအရဖြစ်စေ... အသိုက်အဝန်းရဲ့ ဂုဏ်သိန်အဆင့်အတန်းတွေကြောင့်ဖြစ်စေ ဟန်ဆောင်မျက်နှာဖုံးစွပ်ပြီး ပြုံးခဲ့ရပေမဲ့ အခုလိုမြင့်မြတ်တဲ့ သူတော်စင်ဘုန်းတော်ကြီးဘဝကိုရောက်တာနဲ့ ဟန်ဆောင်မျက်နှာဖုံးကို ရဲဝံ့စွာချွတ်နိုင်ပြီး ဘဝအမှန်အတိုင်း ရပ်တည်နိုင်အောင်ကြိုးစားခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

ဂျူလီယန်ဟာ အခုလက်ရှိအချိန်မှာ မြင့်မြတ်သောဘဝပိုင်ရှင်ဖြစ်လာခဲ့တာကြောင့် သူ့နှလုံးသားက တောင်းဆိုသတ်မှတ်တဲ့အတိုင်း ထပ်တူညီစွာဆုံးဖြတ်နိုင်ပြီး ဘဝတန်ဖိုးမြင့်မားအောင်လည်း ဆက်လက်ကြိုးစားအားထုတ်နိုင်ပြီ ဖြစ်ပါတယ်...။ အရာရာကို အမှန်အတိုင်းရှုမြင်နိုင်တဲ့ ဂျူလီယန်ဟာ ယခင်ကလိုမျိုးအခြားလူတွေ စိတ်ကျေနပ်ပျော်ရွှင်အောင် လုပ်ပေးတတ်တဲ့ အလေ့အကျင့်တွေကို ရပ်တန့်လိုက်ပြီး လောကတစ်ခုလုံး ကောင်းမွန်သာယာရေးအတွက်သာ ထည့်သွင်းစဉ်းစားနိုင်ပြီဖြစ်ပါတယ်။

ယခင်က လူမှုရေး၊ စီးပွားရေး အခြေအနေတွေအရ ဟန်ဆောင်အပြုံးတွေနဲ့ ရပ်တည်ခဲ့ခြင်းဟာ အမှန်တရားမဟုတ်တဲ့ လိမ်ညာခြင်း၊ အခြေအနေသက်သက်တွေသာဖြစ်ပြီး အပြန်အလှန်သေချာရေရာမှုမရှိတဲ့ ယုံကြည်မှုတွေကိုပါ တည်ဆောက်လေ့ရှိတာကြောင့် အချိန်အခါမရွေး သစ္စာဖောက်တဲ့ ပြဿနာတွေရှိခဲ့ရပါတယ်။

ဂျူလီယန်ဟာလက်ရှိအချိန်မှာ စစ်မှန်သောဘဝနဲ့ ကောင်းတာတွေကိုသာလုပ်ရင်း ရှင်သန်ဖို့ဆုံးဖြတ်ထားသူဖြစ်ပါတယ်။ တကယ်တော့ သူ့ဘဝအတွက်ကံကြမ္မာ အခြေအနေအရပ်ရပ်ကို သူကိုယ်တိုင်ရှာဖွေတွေ့ရှိသွားတာဖြစ်ပြီး သူ့ရဲ့စစ်မှန်သော ကံကြမ္မာက သူ့အတွက်စိတ်ပျော်ရွှင်မှုတွေ ပေးနိုင်တာကို သူကိုယ်တိုင် သိရှိခံစားခွင့်ရရှိခဲ့တာ

mgyoe.com

mgyoe.com



ဖြစ်ပါတယ်။

ဆောင်းပါးမှာ ဆက်လက်ဖော်ပြထားတာက ဂျူလီယန်ဟာ သူ့ရဲ့ အထူးတာဝန်အဖြစ် အနောက်ဘက်ဒေသကို တစ်ခေါက်ပြန်လာပြီး လူအများရဲ့ဘဝတွေ အကောင်းဆုံးပြည့်စုံစွာ ရှင်သန်နိုင်အောင်နဲ့ ဘဝ တစ်သက်တာအတွင်း မှန်ကန်စွာ ရပ်တည်နိုင်အောင် ထိရောက်တဲ့ နည်းပေးလမ်းပြတွေနဲ့ အကူအညီပေးမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ဆောင်းပါးရှင်ရဲ့ ဖော်ပြရေးသားချက်တွေအရ ဂျူလီယန်ဟာ အနီရောင်ဝတ်ရုံလွှမ်းခြုံပြီး နေရာဒေသ အတော်များများကို လျှောက်သွား တယ်။ မိတ်ဆွေဟောင်းတွေ အရင်ကတွဲဖက်ပတ်သက်ခဲ့တဲ့ စီးပွားရေး လုပ်ငန်းရှင်ဟောင်းတွေနဲ့ တွေ့ဆုံတယ်။ ပြီးတော့ သူ့မိသားစုဝင် ဆွေမျိုး သားချင်းတွေနဲ့တွေ့ဆုံကာ ကျန်းမာပျော်ရွှင် ပြီးပြည့်စုံတဲ့စိတ်ချမ်းသာမှု တွေနဲ့ ဘဝတည်ဆောက်နိုင်ဖို့ နည်းလမ်းကောင်းတွေ ပေးခဲ့ကြောင်း၊ ဂျူလီယန်ရဲ့ ထူးခြားတဲ့ဘဝဖြစ်စဉ်ကို ရုပ်ရှင်လောကသားတွေက ဖြစ်ရပ်မှန်အဖြစ်ဇာတ်ကားတစ်ကား ရိုက်ကူးဖို့စီစဉ်ပြီး ဖြစ်ကြောင်း သိရှိရပါတယ်။

ကျွန်တော်က ရှေ့မှာရှိနေတဲ့သူကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ မေးလိုက်တယ်။ "ခင်ဗျားက တကယ့်ဂျူလီယန်မန်တယ်ပဲလား၊ ခင်ဗျားက ဘာကြောင့် ကျွန်တော့်ကို လာရှာရတာလဲ၊ ကျွန်တော့်အဖေ ကတော့ ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို အမြဲပြောပြလေ့ရှိပါတယ်။ ကျွန်တော့်အဖေကခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက် ဖြစ်လိမ့်မယ် ထင်တယ်။ ခင်ဗျားက အဖေ့ကို သိများသိနေမလားလို့"

ဒီအခါ ဂျူလီယန်က ပြန်ပြောတယ်။

"မောင်ရင့်အဖေက ဘယ်သူလဲဆိုတာ ငါကောင်းကောင်းသိတာ ပေါ့။ သူကငါ့ရဲ့မိတ်ဆွေကောင်း တစ်ယောက်ပဲလေ...ငါက မိတ်ဆွေ

mgyoe.com

mgyoe.com



သူငယ်ချင်း ဆက်ဆံရေးကို အရမ်းတန်ဖိုးထားတယ်...။ မင်းအဖေက ငါ့ကို မင်းအကြောင်းတွေ အများကြီးပြောပြထားဖူးတယ်။ မင်းတို့ မိသားစုတွေရဲ့ ဘဝအပြောင်းအလဲတွေနဲ့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ငါအားလုံးကြားခဲ့ပြီးပါပြီ။ ငါက ဘယ်ကိုပဲသွားသွား အများကို ကူညီဖို့ ရည်ရွယ်ချက်နဲ့ပဲ သွားခဲ့တာ၊ အခုလည်း မင်းဆီကို ကူညီဖို့အတွက် သက်သက်ရောက်လာတာပါ...။ အခုမင်းမှာ အခက်အခဲ ပြဿနာတွေ ရှိနေတယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ အခက်အခဲ ပြဿနာတွေတွေ့တွေ့ စိတ်မပျက်ရဘူးကွ...မင်းရဲ့ တွေ့ကြုံခံစားချက်တွေအပေါ် ကောင်းကောင်းအသိအမှတ်ပြုပေးပါ။ ပြီးရင် အဲဒီအခက်အခဲ ပြဿနာတွေအပေါ် တစ်ခုချင်းတစ်ချက်ချင်းစီအလိုက် ပြေလည်အောင် ဖြေရှင်းပါ။ အလုပ်လုပ်နေသမျှ လူအများနဲ့ ထိတွေ့ဆက်ဆံရမယ်။ အဲဒီထိတွေ့ ဆက်ဆံမှုတွေမှာ စိတ်နေစိတ်ထားနဲ့ စရိုက်လက္ခဏာ ကွဲပြားမှုတွေကြောင့် ပဋိပက္ခတွေဖြစ်ရမယ်။ ဒါက သဘာဝပဲ။

မောင်ရင်တွေ့ကြုံခံစားရတဲ့ ပြဿနာတွေကို မခံစားရတဲ့ပုံစံနဲ့ ဟန်ဆောင်မယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာနဲ့ ဇီဝကမ္မဆိုင်ရာ အခြေအနေ နှစ်ရပ်စလုံးအပေါ် မျိုချထားရတာမို့ အချိန်ကာလကြာမြင့်လာတာနဲ့ အမျှ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ရောဂါတစ်ခုခုဝင်ရောက်လာလိမ့်မယ်။ မောင်ရင့်ဘဝမှာ ဘာတွေကိုလိုချင်သလဲဆိုတာကို မပြောခင် မောင်ရင့် ကံကြမ္မာက ဘာပြောတယ်ဆိုတာကို အရင်ဆုံးနားထောင်ပေးပါ။

လောကမှာ မောင်ရင်ကြိုးစားနိုင်စွမ်းရှိသလောက် ထိုက်တန်တဲ့ အရာအတော်များများကို ရရှိပိုင်ဆိုင်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ မောင်ရင် လိုချင်သလောက်တော့ ဘာကိုမှမရနိုင်ဘူးဆိုတာကို လက်ခံပေးပါ"

ဂျူလီယန့်စကားဆုံးတာနဲ့ ကျွန်တော်အခုလို ဆက်ပြောလိုက်တယ်။

mgyoe.com

mgyoe.com


"ကျွန်တော် ခင်ဗျားအကြောင်းတွေကို ဟိုတစ်လောကတင် သတင်းစာဆောင်းပါးထဲမှာ ဖတ်လိုက်ရသေးတယ်။ ဒါပေမဲ့ ခင်ဗျားက ကမ္ဘာလောကကြီးကို ပိုကောင်းတဲ့နေရာတစ်ခုဖြစ်အောင် ကူညီလုပ်ဆောင်ပေးမယ်ဆိုတာကတော့ မယုံနိုင်စရာဘဲဗျ"

ဂျူလီယန်က ကျွန်တော်ပြောတာကို ထောက်ခံလိုက်တယ်။ ပြီးမှ အခုလိုဆက်ပြောပြတယ်။

"ဟုတ်တယ် ဆောင်းပါးထဲမှာ အဲဒီလိုရေးထားတာကို ငါကိုယ်တိုင်လည်း ဖတ်လိုက်ရတယ်။ ငါ့ရဲ့ဆန္ဒအမှန်က အရာရာကို အပြောင်းအလဲတွေနဲ့ ကောင်းမွန်ပြည့်စုံစေချင်တယ်။ ငါ့ရဲ့ဘဝတိုးတက်ပြောင်းလဲမှုတွေကို ဆယ်စုနှစ်ဆိုတဲ့ အချိန်ကာလအပိုင်းအခြားတွေနဲ့ မတိုင်းတာဘဲ ငါ့ရဲ့လုပ်ရပ်တွေနဲ့သာ တိုင်းတာခဲ့တယ်။ လက်တွေ့ကျင့်သုံးကြည့်စမ်းပါ၊ ကောင်းကျိုးတွေရမယ်ဆိုတာ ငါမောင်ရင့်ကို ရဲရဲကြီးအာမခံရဲတယ်။ လောကမှာ ပျော်ရွှင်မှုတွေ ရေရှည်တည်မြဲဖို့ဆိုတာဟာ ရယူခြင်းတွေကြောင့် မဟုတ်ဘဲ ပေးဆပ်ခြင်းတွေကြောင့်သာ ရရှိတည်မြဲတယ်ဆိုတာကို မောင်ရင်ကိုယ်တိုင် ကြုံတွေ့ခံစားရလိမ့်မယ်။ မင်းကို တစ်ယောက်ယောက်က အကူအညီမပေးခင် မင်းကသူတို့ရဲ့ နှလုံးသားကို ထိတွေ့ပေးဖို့လိုအပ်တယ်။

နေက သူ့မှာရှိတဲ့ စွမ်းအင်တွေ အားလုံးကို ပေးနိုင်တယ်။ ဒီအခါ သစ်ပင်ပန်းပင်တွေ အားလုံးက နေရဲ့စွမ်းအင်ကြောင့် ရှင်သန်ကြီးထွားလာရတယ်။ သဘောကတော့ နေရဲ့စွမ်းအင်ကို ရယူချင်တယ်ဆိုရင် နေရှိတဲ့၊ နေရောင်ရရှိမယ့်နေရာကို ဦးစွာသွားဖို့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် လူအများဆီက သစ္စာစောင့်သိမှုကိုလိုချင်ရင် အဲဒီလူတွေက သင့်အပေါ်ယုံကြည်မှု ရှိလာစေအောင် သင့်ဘက်က ကောင်းမွန်စွာ ဆက်ဆံပေးပါ။

mgyoe.com

mgyoe.com


စေတနာပေးမှ စေတနာပြန်ရပြီး မေတ္တာပေးမှ မေတ္တာပြန်ရမယ်။ ဒါက လောကရဲ့ အမြဲတမ်းမှန်ကန်တဲ့ နိယာမတစ်ခုပဲ၊ မောင်ရင်က ကိုယ့်ကိုယ်ကိုယ်သာ အစဉ်အမြဲ အလေးထားနေမယ်ဆိုရင် မောင်ရင့်ကို ဘယ်သူကမှ အလေးထားဆက်ဆံနေတော့မှာ မဟုတ်ဘူး"

ဂျူလီယန်က ပြောလက်စစကားကို ခေတ္တနားလိုက်ပြီး ငှက်ပျောသီး စားလိုက်တယ်။ ပြီးမှ စကားကို အခုလိုဆက်ပြောလိုက်တယ်။

"ငါ့ကို ဘယ်လောက်ကြီးကျယ် ခမ်းနားတဲ့သူအဖြစ် ဘယ်သူတွေကပဲ သတ်မှတ်စေဦးတော့၊ ငါ့ကိုယ်ငါကတော့ သာမန်လူတစ်ယောက်လိုပဲ ခံယူထားပါတယ်။

ငါ့ဘဝရဲ့တိုးတက်အောင်မြင်မှုတွေ ကောင်းမွန်မှန်ကန်တဲ့ စဉ်းစားတွေးခေါ်မှုတွေကို ပညာဉာဏ်အစွမ်းအစကြီးမားတဲ့ ဆရာသမားတွေ အတွေးအခေါ်ပညာရှင်တွေက တစ်ဆင့်ရရှိခဲ့တာပေါ့။ ငါက အလိုလို နေရင်းတော်နေတဲ့ သူတစ်ယောက်တော့ မဟုတ်ဘူးလေ။ ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ရှာတွေ့ဖို့အတွက်၊ ကိုယ်တိုင်ဆရာရှာပြီး လေ့လာသင်ကြားမှုတွေ လုပ်ရတာပေါ့။ ငါတို့လောကကမ္ဘာမှာ နံနက်ပိုင်းအချိန်တွင်း အလုပ်တွေ ကြိုးစားရုန်းကန်လုပ်နေကြချိန် ကမ္ဘာရဲ့တစ်ဖက်ခြမ်းမှာ ညအမှောင်ထုနဲ့အတူ အိပ်စက်နေကြရတယ်။ အလှည့်ကျတဲ့ဘက်က နေ့အချိန်နှင့် ညအချိန်ကို ကျေနပ်မှုတစွာ ခံယူရတယ်။ အကုန်လုံးသော နေအလင်းရောင်ကို ကိုယ့်တစ်ဖက်တည်းကပဲ လိုချင်ပြီး အခြားတစ်ဖက်က လူတွေကိုတော့ အမှောင်ထဲမှာပဲ နေစေချင်လို့ မဖြစ်ဘူးလေ။ လောကမှာ လူတိုင်းကြိုးစားခွင့်ရှိပြီး ကြိုးစားမှုနဲ့ ထိုက်တန်သလောက်ကို သဘာဝရဲ့ အစီအမံအတိုင်းပဲ ရရှိခံစားနိုင်ခွင့်ရှိတယ်။ ဒီထက်ပိုပြီး လိုချင်လို့မရဘူး။ ကြိုးစားတိုင်း လိုချင်တာရမယ်ဆိုပေမဲ့ မဖြစ်နိုင်တာကိုတော့ ကြိုးစားအားထုတ်မိရင် ခွန်အားတွေ ဆုံးရှုံးပြီး

mgyoe.com

mgyoe.com


အချည်းနှီးဖြစ်ရလိမ့်မယ်။ ဒါကြောင့် ဖြစ်နိုင်တဲ့အရာနဲ့ ဖြစ်သင့်တဲ့အရာတွေအတွက်သာ အားထည့်ကြိုးစားဖို့လိုတယ်။

ဘဝအောင်မြင်မှုကို ဘယ်တော့မှ လွယ်လွယ်နဲ့ရယူချင်လို့ မဖြစ်နိုင်ဘူး၊ အောင်မြင်ရေးအတွက် လိုက်ဖက်မှန်ကန်မှုရှိတဲ့ အစီအမံတွေလိုအပ်တယ်။ အောင်မြင်မှုရရှိဖို့ အချိန်ယူစဉ်းစားရမယ်။ ပြီးရင် ရည်မှန်းချက်ကို အကောင်အထည်ဖော်သင့်၊ မသင့်တွေးခေါ်ပြီး ဆုံးဖြတ်ရမယ်။ ရွေးချယ်မှုတွေအတွက် တွေဝေမှုမရှိစတမ်း ပြတ်ပြတ်သားသားရွေးချယ်ပေးရမယ်။ ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်ဖို့ အစီအစဉ်တွေ ရေးဆွဲရမယ်။ ပြီးရင် တစ်နေ့တာချင်းကို နိုးကြားသတိနဲ့အကျိုးရှိရှိကုန်ဆုံးနိုင်အောင် အသုံးချပေးနိုင်ရမယ်…။ မောင်ရင့်အတွက်နေ့စဉ်တိုင်းမှာ စိန်ခေါ်မှုတွေ ရှိနေသလို…အခွင့်အလမ်းကောင်းတွေလည်း ရောက်လာတတ်တယ်။ ဒီအနေအထားကို မျက်ခြည်မပြတ်စောင့်ကြည့်နိုင်မှသာ သိနိုင်လိမ့်မယ်။ သင့်အတွက် တစ်နေ့တာချင်းစီမှာပေးဆပ်ခြင်းနဲ့ ရယူခြင်းအခြေအနေတွေက မျှတစွာရှိနေဖို့ လိုအပ်တယ်။

သင်ကပေးဆပ်၊ ပေးကမ်းခြင်း သဘောကို နှစ်သက်ပြီး အများကောင်းကျိုးအတွက် စေတနာ မှန်ကန်စွာထားရှိနိုင်တယ်ဆိုရင်…ဘယ်သူ့ဆီကမှ တစ်စုံတစ်ရာ ပြန်လည်ရရှိဖို့ မမျှော်လင့်တာကအကောင်းဆုံး ဖြစ်လိမ့်မယ်။ လောကမှာ ဘယ်အရာကိုမှ အလကားမရဘူး။ ထိုက်တန်တဲ့ ပေးဆပ်မှုဆိုတာ ရှိစမြဲပါပဲ…။ မောင်ရင်မယုံရင်ဆေးရုံတစ်ခုကို ရောက်အောင်သွားပြီး ကင်ဆာရောဂါကုသဆောင်ဆီတည့်တည့်လျှောက်သွားပါ၊ ပြီးရင် ကင်ဆာရောဂါကုသဆောင်ထဲကလူတစ်ယောက်ကို အမှန်တကယ် နေရမယ့်သက်တမ်းထက်ပိုပြီးတစ်ရက်တစ်မနက် ပိုနေခွင့်ရဖို့ ဘာတွေလုပ်ပေးနိုင်မလဲ…လို့ မေးခွန်းသွားထုတ်ကြည့်ပါ…”

mgyoe.com

mgyoe.com



ဂျူလီယန့်စကားဆုံးတာနဲ့ ကျွန်တော့်ခေါင်းထဲ ထူးခြားတဲ့အတွေး တစ်ခုဝင်လာခဲ့တယ်။ သူ့စကားတွေက ကျွန်တော့်ကို လိုအပ်သလို ပြောင်းလဲပြုပြင်မှုတွေ ရဲရဲဝံ့ဝံ့လုပ်နိုင်ဖို့ တွန်းအားပေးလိုက်သလိုပါပဲ...။ ကျွန်တော့်ဘဝမှာ အဲဒီလောက်ထူးခြားတဲ့ အကြောင်းအရာတွေကို ပြောပြပေးခဲ့တဲ့သူ တစ်ယောက်မှ မရှိခဲ့ပါဘူး။ အခုမှသာ ဂျူလီယန်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ဆုံပြီး နားထောင်ခွင့်ရရှိခဲ့တာပါ...။ ဂျူလီယန်က တကယ်တော့ ကျွန်တော့်ဘဝကို အမှန်တကယ် အောင်မြင်စေဖို့ ကိုယ့်ကြမ္မာကိုယ် သေချာစွာ ကြည့်ရှုစစ်ဆေးပြီး အကောင်းဆုံး ပြုပြင်နိုင်စေဖို့ တန်ဖိုးကြီးတဲ့ စကားလက်ဆောင်တွေ အိမ်တိုင်ရာရောက်လာပေးနေတာပဲလို့ အသေအချာနားလည်လိုက်ပါတယ်။

ဂျူလီယန်ကစကား အဆုံးမသတ်လိုသေးတာကြောင့် ကျွန်တော် အာရုံစိုက်ပြီး ဆက်နားထောင်လိုက်တယ်။

"လူအများစုကတော့ သူတို့ဘဝအတွက် စီမံကိန်းတွေရေးဆွဲဖို့ထက် နွေရာသီအားလပ်ရက် အပန်းဖြေခရီးထွက်မယ့် စီမံကိန်းတွေကိုသာ အစောကြီးကတည်းက ရေးဆွဲတတ်ကြတယ်။ ဒါဘယ်လောက်ရှက်ဖို့ကောင်းသလဲ စဉ်းစားကြည့်ပေါ့။ လူအများစုက အဓိကဦးစားမပေးလိုပဲ သာမည ဦးစားပေးရတာကို ပိုပြီးနှစ်သက်တတ်ကြတယ်။ ဒါဟာ အောင်မြင်မှုမရနိုင်ခြင်းရဲ့ အခြေခံအကြောင်းရင်းတစ်ရပ်ဘဲလေ...။ ဒါတွေက အောင်မြင်မှုရယူချင်တဲ့ သူတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေပေါ့"

ဂျူလီယန်က စကားကို ခေတ္တနားလိုက်တယ်။ ပြီးတော့ သူ့ရဲ့ အနီရောင်ဝတ်ရုံကို လက်နှစ်ဖက်နေရာကနေ အပေါ်ဘက် အသာမတင်လိုက်ပြီး အခုလိုဆက်ပြောတယ်။

"လောကနဲ့ ပတ်သက်တဲ့ အခြေခံကျတဲ့ အတွေးအမြင်တွေ မရှိရင်

mgyoe.com

mgyoe.com



မင်းဘယ်လိုရှင်သန်ရပ်တည်ရမယ်။ မင်းရည်မှန်းချက်တွေကို ဘယ်လို ချမှတ်ရမယ်ဆိုတာကို မင်းကိုယ်တိုင် မသိနိုင်တော့ဘူးလေ…နောက်ပြီး မင်းဘဝအတွက် ရွေးချယ်မှုတွေကို ဘယ်လိုမှန်ကန်စွာလုပ်နိုင်မယ်… ဆိုတာကိုလည်း အခြေခံအတွေးအမြင်မှ မရှိရင်မလုပ်နိုင်ဘူးလေ။ ဒါကြောင့်မင်းမှာ အခြေခံအတွေးအမြင်တွေရှိအောင် ကြိုးစားပေးပါ။ နောက်ထပ်အရေးတကြီးမှာ လိုတာတွေရှိသေးတယ်။ အဲဒါက မင်းစိတ် ပါဝင်စား ဝါသနာပါတဲ့ အလုပ်ကိုအောင်မြင်အောင် လုပ်နိုင်ဖို့ မင်းရဲ့ အတွင်းစိတ်နဲ့ နှလုံးသားကပြောဆိုလာတဲ့ စကားတွေကို နားထောင် ပေးပါ။ မင်းကမှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ရောက်နေပြီး ရည်မှန်း ချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်လိုတယ်ဆိုရင် သတ္တိရှိဖို့လိုတယ်။ လုပ်ရဲကိုင်ရဲတဲ့သတ္တိပေါ့။ မင်းမှာ အမြဲတစေ သတ္တိတွေရှိနေဖို့ အကြောက်တရားကို တွန်းလှန်ရဲရမယ်။ ပြဿနာ၊ အတားအဆီးတွေကို ရင်ဆိုင်ကျော်လွှားရဲရမယ်။ ပြီးရင် မင်းမှာ ကိုယ်ပိုင် အတွေးအမြင်တွေ ရှိထားရမယ်။ ကိုယ်ပိုင်အတွေးအမြင်တွေ မရှိခဲ့ရင် အခြားလူတွေရဲ့ အလိုဆန္ဒတွေနဲ့ပဲ ရပ်တည်ရလိမ့်မယ်"

ကျွန်တော် ဂျူလီယန့်စကားကို အစအဆုံး နားထောင်ပြီး အခုလို ပြန်ပြောလိုက်တယ်…။

"ကျွန်တော် ဂျူလီယန့်စကားကို သဘောတူပါတယ်။ ကျွန်တော် မှားယွင်းခဲ့တာတွေကိုလည်း အများကြီး နောင်တရနေပါပြီ"

ဂျူလီယန်က ကျွန်တော့်ကို ဆက်ပြောတယ်။

"ငါတို့က ဘာအလုပ်ကိုပဲ လုပ်လုပ် အမှားကင်းအောင် လုပ်ဖို့ တော့ မလွယ်ဘူး။ အလုပ်လုပ်နေသမျှ ကာလပတ်လုံး အမှားအယွင်း တွေတော့ ရှိနေမှာပဲလေ…။ မင်းတို့ငါတို့ ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ အခြေ အနေတွေအရ ပြုမိတဲ့အမှားအမျိုးမျိုးကနေ အတွေ့အကြုံနဲ့ သင်ခန်းစာ

mgyoe.com

mgyoe.com


ရယူတတ်ဖို့လိုတယ်...။

မင်းပြုမိတဲ့အမှားတွေအပေါ် အကြိမ်ကြိမ်နောင်တရနေရုံနဲ့ မပြီးဘဲ မင်းကိုယ်မင်း ခွင့်လွှတ်နားလည်တတ်ဖို့ လိုအပ်တယ်။ ပြီးရင် လုပ်စရာရှိတာကို ဆက်လုပ်လို့ရပြီပေါ့။ မောင်ရင်က လွတ်လွတ်လပ်လပ်နဲ့ တိုးတက်အောင်မြင်မှုတွေကို ရယူအောင် ကြိုးစားချင်တယ်ဆိုရင်... ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိအောင် ကြိုးစားပေးပါ။ လွတ်လပ်ခြင်းဆိုတာက အကြောက်တရားရဲ့ တစ်ဖက်မှာ ရှိနေတယ်ဆိုတာကို သတိပြုပေးပါ။ ကိုလံဘတ်စ် မတိုင်ခင်က စွန့်စားခရီးသွားလာသူတွေ များစွာရှိနေခဲ့ပေမဲ့ ကိုလံဘတ်စ်လိုမျိုး ထင်ပေါ်ကျော်ကြားမှု မရှိကြဘူးလေ...။

ကိုလံဘတ်စ်က သူများထက်ပိုပြီး ထူးထူးခြားခြား ဖြစ်စေချင်ခဲ့တယ်။ ကိုလံဘတ်စ်က ထူးထူးခြားခြား ဖြစ်ချင်တဲ့စိတ်ဆန္ဒ ရှိနေလို့သာ အခြားလူတွေ ထက်ပိုပြီးစွန့်စားမှုတွေကိုလည်း ထူးထူးခြားခြား လုပ်ဆောင်ခဲ့တာပေါ့...ကိုယ်ပိုင်ဟန်နဲ့ တိုးတက်အောင် ကြံဆောင်နိုင်တဲ့သူတွေကို ကြည့်ရင်... အခြားအောင်မြင်ပြီးသူတွေ လုပ်ပြပြီးသားကိစ္စတွေကို လုပ်ဆောင်လေ့မရှိကြဘဲ အခြားဘယ်သူမှ မလုပ်နိုင် မလုပ်သေးတဲ့ကိစ္စတွေကိုသာ ထူးထူးခြားခြား လုပ်ဆောင်တတ်ကြတာ တွေ့ရလိမ့်မယ်။

နောက်တစ်ခုက မင်းတစ်ကြိမ်တစ်ခါမှ မလုပ်ဖူးသေးတဲ့ အလုပ်တစ်ခုကို လုပ်ရမယ်ဆိုရင် အစပထမတော့ အခက်အခဲတွေ့ကြုံနိုင်ပေမဲ့ သင့်ဘဝအတွက် ကောင်းကျိုးပြုနိုင်မယ့် အခြေအနေတွေ ရှိနေခဲ့ရင်တော့ သင့်ဘက်က လိုအပ်သလို စွန့်စားမှုတွေနဲ့ အောင်မြင်အောင် လုပ်ဆောင်ရတော့မှာပေါ့"

ဂျူလီယန်က ပြောရင်းနဲ့စိတ်အား ထက်သန်မှုတွေ မြင့်တက်လာပြီး ကျွန်တော့်ကို အခုလိုအသိပေးပြန်ပါတယ်။

mgyoe.com